ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့။ Thursday, 19 June 2025 ၁၁၈၅၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ကန့်ဘလူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၅၅၃၇ ဧကစိုက်ပျိုးပြီးစီး

**ကန့်ဘလူ ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၅၅၃၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**၅၅၃၇ ဧက စိုက်ပျိုးပြီး**

ကန့်ဘလူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်း ၈၈၉၃၁ ဧကနှင့် ဖူးစားပြောင်း ဧက ၇၅၀ စုစုပေါင်း ၈၉၆၈၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလဆန်းက စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ အစေ့ထုတ်ပြောင်း ၅၅၁၉ ဧကနှင့် ဖူးစားပြောင်း ၁၈ ဧက စုစုပေါင်း ၅၅၃၇ ဧက စိုက်ပျိုးပြီးဖြစ်သည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၈၉၀၀၀ ကျော် လျာထားစိုက်ပျိုးရာမှာ ဇွန် ၁၅ ရက်အထိ ဧက ၅၅၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ လျာထားဧကပြည့်မီရေးအတွက်လည်း တောင်သူတွေကို စည်းရုံးဆောင်ရွက်နေပါတယ်။ **စာမျက်နှာ ၃ ကော်လံ ၅ သို့** ○

**ယနေ့ ဖတ်စရာ**

**အစွန်းနှစ်ဖက် ရှောင်ခြင်းဆိုသည် ...**

ဆောင်းပါး စာမျက်နှာ » ၆



**၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြသည့် Grade-12 ကျောင်းသား ကျောင်းသူများ သင်္ချာဘာသာရပ် ဆက်လက်ဖြေဆို**

စာမျက်နှာ » ၉

**မြန်မာ-တရုတ်သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် အထိမ်းအမှတ်ဇာတ်လမ်းပုံပြင်များ စုစည်းမှုစာအုပ်မိတ်ဆက်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ**

စာမျက်နှာ » ၄



**အမှိုက်စနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေးလုပ်ငန်းဆောင်ရွက်**

စာမျက်နှာ » ၁၁

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

နေပြည်တော် ဇွန် ၁၈

| | |
|---|---|
| ဖျာပုံ | ၅ ဒသမ ၃၅ လက်မ |
| ကျောက်ဖြူ | ၄ ဒသမ ၆၉ လက်မ |
| ဟိုင်းကြီးကျွန်း | ၄ ဒသမ ၄၁ လက်မ |
| စစ်တွေ | ၃ ဒသမ ၇၄ လက်မ |
| သထုံ | ၃ ဒသမ ၇၀ လက်မ |
| ညောင်လေးပင် | ၃ ဒသမ ၁၁ လက်မ |
| ဘားအံ | ၂ ဒသမ ၇၁ လက်မ |
| ပေါင် | ၂ ဒသမ ၆၈ လက်မ |
| ကျိုက္ခမီ | ၂ ဒသမ ၆၀ လက်မ |
| ချောင်းဆုံ | ၂ ဒသမ ၄၈ လက်မ |

ကြေးမုံ

# အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှု ဒုစရိုက်လုပ်ငန်းများ ထိရောက်စွာနှိမ်နင်း

ကမ္ဘာပေါ်တွင် နည်းပညာလျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ကမ္ဘာ့လူသားများအနေဖြင့် နည်းပညာအပေါ်တွင် တစ်နေ့တခြား မှီခိုအားထားလာမှု ပိုမိုများပြားလာပါသည်။ လူမှုကွန်ရက်အသုံးပြုမှု ပိုမိုများပြားလာခြင်းကြောင့်လည်း ကောင်းကျိုးနှင့် ဆိုးကျိုးများ အတူယှဉ်တွဲဖြစ်ပေါ်လာပါသည်။ ကမ္ဘာ့လူသားများ နေ့စဉ်အလေးထားအသုံးပြုနေသော လူမှုကွန်ရက်အသုံးပြုမှုကို အကြောင်းပြုကာ မသမာသူများက နည်းပညာအသုံးချ၍ ဒုစရိုက်လုပ်ငန်းအမျိုးမျိုး ကမ္ဘာတစ်ခွင်ပြုလုပ်လာသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများက ထုတ်ပြန်လေ့ရှိသည့်အစီရင်ခံစာအရ Application များ၊ Website အတုများအသုံးပြု၍ သတင်းအချက်အလက်များရယူပြီး လိမ်လည်ခြင်း၊ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသို့မဟုတ် မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ထမ်းအယောင်ဆောင်၍ လိမ်လည်ခြင်း၊ အွန်လိုင်းပေါ်တွင် ခင်မင်ရင်းနှီးအောင်ပြုလုပ်၍ လိမ်လည်ခြင်း၊ အရောင်းအဝယ်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အကြောင်းပြု၍ လိမ်လည်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိမည်ဟုအကြောင်းပြု၍ လိမ်လည်ခြင်းနှင့် လောင်းကစားမှုအမျိုးမျိုးတို့သည် အဖြစ်အများဆုံးလိမ်လည်မှုများဖြစ်သည်။

ယခုအခါ နည်းပညာတိုးတက်မှုများ ခေတ်စားလာခြင်းနှင့်အတူ အွန်လိုင်းလိမ်လည်မှုများ ကျယ်ပြန့်ကြီးထွားလာပြီး တစ်ဦးချင်း၊ တစ်စုတစ်ဖွဲ့ချင်းလိမ်လည်ကြရာမှ ဒုစရိုက်မှုအသွင်ဆောင်သော လူမိုက်ဂိုဏ်းများအသွင်ဖြင့် လုပ်ကိုင်လာကြသည်ကို မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်ပါ ကြုံတွေ့လာသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုလုပ်ကိုင်နေသူများ၊ ပါဝင်ပတ်သက်နေသူများအားလုံးကို စုံစမ်းဖော်ထုတ်အရေးယူလျက်ရှိပြီး အိမ်နီးချင်းနိုင်ငံအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ်ချိတ်ဆက်ကာ တက်ကြွစွာဖော်ထုတ်အရေးယူလျက်ရှိသည်။ အဆိုပါဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်သည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင်လွှဲပြောင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် တိုက်ဖျက်လျက်ရှိရာတွင် အထူးသဖြင့် နယ်စပ်ဒေသများဖြစ်သည့် မူဆယ်၊ တာချီလိတ်၊ မြဝတီနယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်လာသော ပြည်ပနိုင်ငံသားများကို ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့မှ ဇွန်လ ၁၇ ရက်နေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသော ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၄၁ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၈၉၀၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ပြင်ဆင်ထားသည်။

အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကို ဒုစရိုက်ဂိုဏ်းအသွင်လုပ်ဆောင်လာကြရာတွင် ပြည်တွင်းနိုင်ငံသားများသာမက ပြည်ပနိုင်ငံသားများကိုပါ ပါဝင်ပတ်သက်လာအောင် အွန်လိုင်းပေါ်မှပင် လိမ်လည်လှည့်ဖြား ခေါ်ယူအသုံးချလျက်ရှိသဖြင့် နယ်စပ်ဒေသသို့ တစ်ဖက်နိုင်ငံမှတစ်ဆင့် ပြည်ပနိုင်ငံသားများ အလုပ်အကိုင်ဝင်ငွေရရှိရေးအတွက် အဆက်မပြတ်ရောက်ရှိလာပြီး လုပ်ကိုင်နေကြခြင်းဖြစ်သည်။ ပါဝင်ပတ်သက်သူများကို အတင်းအဓမ္မအမြတ်ထုတ်စေခိုင်းပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း အွန်လိုင်းအသုံးပြုသူ ပြည်သူများထံမှ ငွေကြေးများကို လိမ်လည်လှည့်ဖြားအသုံးချရယူလျက်ရှိရာ အကျိုးအမြတ်ကြီးမားသဖြင့် တစ်နေ့တခြား ဒုစရိုက်မှုလုပ်ငန်းများ ကြီးထွားလာသည်။

အဆိုပါဒုစရိုက်မှုလုပ်ငန်းများသည် လိမ်လည်မှုများအပြင် နိုင်ငံများ၏ လုံခြုံရေးကိုပါ ခြိမ်းခြောက်မှုများရှိလာသဖြင့် နိုင်ငံအချင်းချင်း ပူးပေါင်းလက်တွဲပြီး စဉ်ဆက်မပြတ် အလေးထားတိုက်ဖျက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် အွန်လိုင်းလိမ်လည်မှုနှင့်ပတ်သက်၍ မှုခင်းရဲတပ်ဖွဲ့ထံမှ ထင်မြင်ချက်တောင်းခံမှုအရ ၂၀၁၉ ခုနှစ်တွင် ၁၁၆ မှု၊ ၂၀၂၀ ပြည့်နှစ်တွင် ၁၄၂ မှု၊ ၂၀၂၁ ခုနှစ်တွင် ၇၈ မှု၊ ၂၀၂၂ ခုနှစ်တွင် ၁၂၉ မှု၊ ၂၀၂၃ ခုနှစ်တွင် ၁၇၆ မှုဖြစ်ပွားခဲ့ပြီး နှစ်စဉ်တိုင်ကြားမှု ၁၀၀ ကျော်စီရှိသော်လည်း ပြည်သူလူထုအတွင်း အမှန်တကယ်ဖြစ်ပွားမှုမှာ ယခုထက် အဆများစွာ များပြားမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် အလိမ်ခံရသည့်ငွေကြေး နည်းပါးခြင်း၊ ရဲစခန်းနှင့်တရားရုံးတွင် အချိန်မပေးနိုင်ခြင်း၊ အလိမ်ခံရမှုအပေါ် ရှက်ရွံ့သဖြင့် တိုင်ကြားမှုမရှိခြင်းစသည်တို့ကြောင့် လိမ်လည်ခံရမှုအရေအတွက်ကို တိကျစွာမရရှိနိုင်ပေ။ မြန်မာနိုင်ငံတွင် အွန်လိုင်းလိမ်လည်ခံရမှုကြောင့် ပြည်သူတို့၏ငွေကျပ် ငါးဘီလီယံခန့် နှစ်စဉ်ဆုံးရှုံးနေကြောင်း ခန့်မှန်းထားသည်။

သို့ဖြစ်ရာ အွန်လိုင်းလိမ်လည်မှုနှင့်လောင်းကစားမှုများကြောင့် နိုင်ငံနှင့်ပြည်သူများအတွက် ထိခိုက်နစ်နာမှုများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိရာ အဆိုပါဒုစရိုက်မှုလုပ်ငန်းများ တိုက်ဖျက်ရေးတွင် နိုင်ငံတော်အစိုးရနှင့်အတူ အားလုံးလက်တွဲပါဝင် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းဇော်ဦးကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မကွေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ကေခိုင်ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## လျှော်ဘေးသင့်ဒေသပြည်သူများအား ရှာဖွေကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၈

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်ကလှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၅၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၅၀ ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၄ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများအတွက် အာမခံလျော်ကြေးငွေ ပေးအပ်

ကျောက်ဆည် ဇွန် ၁၈

မန္တလေးငလျင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ ဦးမျိုးသန့်-ဒေါ်အေးအေးကြိုင်တို့ပိုင်ဆိုင်သော HOTEL EVER ပျက်စီးမှုအတွက် သဘာဝဘေးအန္တရာယ် အာမခံအကာအကွယ် လျော်ကြေးငွေကို ဂလိုဘယ်ဝေါလ် အာမခံကုမ္ပဏီ (GWI)မှ တာဝန်ရှိသူများက ဇွန် ၁၆ ရက်တွင် ဟိုတယ်တာဝန်ခံ လက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့သည်။

ထိုသို့ပေးအပ်ရာတွင် GWI မှ တာဝန်ရှိသူတစ်ဦးက လျော်ကြေးငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အာမခံလျော်ကြေးငွေကျပ် သိန်း ၁၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုထက်**

## ၁၈ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၈- ၆ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၆၀၀ | ၆,၅၀၀ | ၉၃၆ | ၆,၁၅၆,၉၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၀၀ | ၃,၄၁၇ | ၁၀,၁၉၈,၅၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၁၀၇ | ၇၈၁,၁၀၀ |
| FPB | ၁,၈၅၀ | ၁,၈၅၀ | ၃,၁၇၈ | ၅,၈၇၉,၃၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၁၉၁ | ၅၃၄,၈၀၀ |
| EFR | ၁,၅၅၀ | ၁,၆၅၀ | ၁,၆၀၀ | ၂,၆၀၀,၀၀၀ |
| AMATA | ၄,၁၀၀ | ၄,၁၀၀ | ၂ | ၈,၂၀၀ |
| MAEX | ၃,၀၅၀ | ၃,၀၅၀ | ၂,၀၃၄ | ၆,၂၀၃,၇၀၀ |
| MADPL(PLB) | ၃,၁၅၀ | ၃,၁၅၀ | ၀ | ၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇွန် ၁၈**

သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ထိန်းသိမ်းနိုင်စေရန်၊ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့် ရာသီဥတုကို လက်ဆင့်ကမ်းနိုင်စေရန်၊ အရိပ်အာဝါသရရှိစေရန် ရည်ရွယ်ချက်များဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ရုံးဧရိယာအတွင်းရှိ ယာယီအရာထမ်း အိမ်ရာဝန်းကျင်၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အမှာစကားပြောကြားကာ ကံ့ကော်ပင်ကို စတင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်နှင့် အရိပ်ရလေကာပင်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့အတူ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ရုံးနှင့် ကျောင်းများတွင်လည်း ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်တည်းကျင်းပ၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်၊ အရိပ်ရလေကာပင်နှင့် သီးပင်စားပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန တစ်ခုလုံးအနေဖြင့် ယနေ့တွင် ပျိုးပင်ပေါင်း ၈၆၂၀ ပင် စိုက်ပျိုးခဲ့ပြီး ရှင်သန်အောင်မြင်ဖြစ်ထွန်းရေးအတွက် ဆက်လက် ထိန်းသိမ်းပြုစု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းတုံမြို့၌ တောမီးလောင်ကျွမ်းမှုစောင့်ကြည့်ရေး ကွန်ပျူတာစနစ်ပေးအပ်ခြင်းနှင့် တောမီးလောင်ကျွမ်းမှု စောင့်ကြည့်လေ့လာရေး နည်းပညာစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၈**



တောမီးလောင်ကျွမ်းမှု စောင့်ကြည့်ရေး ကွန်ပျူတာစနစ်ပေးအပ်ခြင်းနှင့် တောမီးလောင်ကျွမ်းမှု စောင့်ကြည့်လေ့လာရေး နည်းပညာစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးရုံး သုံးထပ်ခန်းမဆောင်၌ ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦး၊ ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၊ နယ်စပ်ဒေသနှင့် အိမ်နီးချင်းနိုင်ငံများရေးရာရုံး၊ နယ်စပ်ရေးရာဌာန ညွှန်ကြားရေးမှူး တီရာပန်ထရီပီပတ်ပါ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ထိုင်းနိုင်ငံမှ နည်းပညာကျွမ်းကျင်ပညာရှင်များဆိုင်ရာ ဦးဆောင်ကိုယ်စားလှယ်တစ်ဦးက အမှာစကားပြောကြားကာ တက်ရောက်လာသူများက စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်များနှင့်အတူ ကျိုင်းတုံမြို့ မြို့သစ်ရပ်ကွက်ရှိ ကျိုင်းတုံခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ သွားရောက်၍ တောမီးလောင်ကျွမ်းမှု စောင့်ကြည့်လေ့လာရေး နည်းပညာစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်း သင်ကြားနေမှု၊ တောမီးလောင်ကျွမ်းမှု စောင့်ကြည့်ရေး ကွန်ပျူတာစနစ်များ တပ်ဆင်ထားရှိနေမှုနှင့် အသုံးပြုပုံများကို ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားရာ တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ ရှေ့ဖုံးမှ

ဒီပြောင်းသီးနှံတွေအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့နဲ့ အသိပညာပေးဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေအပြင် တိုက်နယ်အလိုက် ကွင်းဝန်ထမ်းများက စိုက်ကွင်းအရောက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်” ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးဇော်က ပြောသည်။

ဒေသခံတောင်သူများ စိုက်ပျိုးထားသောသီးနှံများ ဖြစ်ထွန်းအောင်မြင်ရေးနှင့် ဝင်ငွေတိုးပွားရရှိရေးတို့အတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိပြီး အထွက်ကောင်းမျိုးများ၊ အရည်အသွေးကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းများကိုလည်း မျက်ခြည်မပြတ် စနစ်တကျ စောင့်ကြည့်ဆောင်ရွက်ကာ မြေမှန်၊ မျိုးမှန်၊ စိုက်စနစ်မှန်ကန်ရေးနှင့် နည်းပညာများ ဖြန့်ဝေပေးနိုင်ရေးတို့အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာမည်။ **မိုး/ဇလ**

# မြန်မာ – တရုတ် သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ် ဇာတ်လမ်းပုံပြင်များစုစည်းမှု စာအုပ်မိတ်ဆက်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

## မြန်မာ-တရုတ် စာပေများကို ဘာသာပြန်ဆိုမှုကဏ္ဍမှ ကူးလူးဖလှယ်မှုကို ပိုမိုမြင့်တင်တိုးတက်လာစေရေး အတူတကွ ဖော်ဆောင်ကြရန် မျှော်လင့်

ရန်ကုန် ဇွန် ၁၈

မြန်မာ–တရုတ်နှစ်နိုင်ငံအကြား ရေရှည်တည်တံ့သော ပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို ဖော်ညွှန်းသည့် မြန်မာ–တရုတ် သံတမန် ဆက်ဆံရေး (၇၅)နှစ်မြောက် အထိမ်းအမှတ် ဇာတ်လမ်းပုံပြင် များစုစည်းမှု၊ ပေါက်ဖော်နှလုံးသား ထဲမှစကားသံများ စာအုပ်မိတ်ဆက် ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ် သံအမတ်ကြီး မစ္စ မာကျားနှင့် သံရုံးဝန်ထမ်းများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ တရုတ်–မြန်မာ ချစ်ကြည်ရေး အသင်း၊ တရုတ်–မြန်မာ ကုန်သည် ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံ တရုတ်စက်မှုလက်မှု လုပ်ငန်းရှင် များအသင်းနှင့် ရန်ကုန်မြို့ရှိ တရုတ် သတင်းအေဂျင်စီများမှ တာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည် တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက ခန်းမ အတွင်း တရုတ်–မြန်မာ သံတမန် ဆက်ဆံရေးထူထောင်ခြင်း (၇၅) နှစ်မြောက် အထိမ်းအမှတ် ဇာတ်လမ်းပုံပြင်များ စုစည်းမှု စာအုပ်များ၊ မှတ်တမ်းနှင့် DVD များ ခင်းကျင်းပြသပေးဝေနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာ–တရုတ် နှစ်နိုင်ငံ အပြန်အလှန် ချစ်ကြည် ရင်းနှီးမှုကို ပြသသည့် မှတ်တမ်း ဗီဒီယိုကို ပြသသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဧည့်သည်တော်များ တရုတ်–မြန်မာ သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်မြောက် အထိမ်းအမှတ် ဇာတ်လမ်းပုံပြင်များ စုစည်းမှုစာအုပ်များ၊ မှတ်တမ်းနှင့် DVD များ ခင်းကျင်းပြသပေးဝေနေမှုကို ကြည့်ရှုအားပေးကြစဉ်။

ယင်းနောက် မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သံအမတ်ကြီး မစ္စမာကျားက ယနေ့မိတ်ဆက်သည့် ဇာတ်လမ်း ပုံပြင်များ စုစည်းမှုစာအုပ်သည် နှစ်နိုင်ငံ ပြည်သူများ၏ နက်ရှိုင်းသည့် ချစ်ကြည်ရင်းနှီးမှုများကို စာအုပ်တွင် မှတ်တမ်းတင်ထား ရှိပြီး များပြားလှစွာသော ပြည်သူ လူထုထံသို့ ပျံ့နှံ့စေရန်ဖြန့်ဝေ၍ နောင်လာနောက်သား မျိုးဆက် သစ်လူငယ်များထံ လက်ဆင့်ကမ်း သွားရန် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့ တွင် မြန်မာ–တရုတ် သံတမန် ဆက်ဆံရေးထူထောင်မှု (၇၅) နှစ် ပြည့်ကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်နိုင်ငံ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံ မှုကို ဖော်ညွှန်းသောစာပေများ ကို စုစည်းဆောင်ရွက်ခြင်းဖြစ်၍ အလွန်ကောင်းမွန်သော ရည်ရွယ် ချက်လည်း ဖြစ်ပါကြောင်း။

တရုတ် – မြန်မာ ဘာသာပြန် စာပေနှင့် ကဗျာများသည် မြန်မာ နိုင်ငံတွင်လည်း ထင်ရှားပြီး တရုတ် ဂန္ထဝင် ဝတ္ထုရှည်ဖြစ်သော Dream of the Red Chamber ဝတ္ထုသည် တရုတ်နိုင်ငံ၏ ကျော်ကြားသော ဂန္ထဝင်လက်ရာ စာအုပ်လေးအုပ် ထဲမှ တစ်အုပ်အနေဖြင့် ပါဝင်သည် ဟု သိရပါကြောင်း၊ ထိုစာအုပ်ကို ကွယ်လွန်ခဲ့ပြီဖြစ်သော ဆရာကြီး မြသန်းတင့်က “ခန်းဆောင်နီ အိပ်မက်” အမည်ဖြင့် ဘာသာ ပြန်ဆိုထုတ်ဝေခဲ့ရာ၌ ၁၉၈၈ ခုနှစ် အတွက် အမျိုးသားစာပေဆု ရရှိခဲ့ ပါကြောင်း၊ ထိုဝတ္ထုကို GXR TV က ရိုက်ကူးပြသခဲ့ရာ တရုတ်နိုင်ငံ ၌ ထင်ရှားကျော်ကြားသည့် ရုပ်သံ ဇာတ်လမ်းတွဲတစ်ခုဖြစ်ပြီး မြန်မာ့ အသံနှင့် ရုပ်မြင်သံကြား၌ မြန်မာ ဘာသာပြန်ဆိုပြသခဲ့ရာ ပရိသတ် များ နှစ်ခြိုက်သဘောကျခဲ့ပါ ကြောင်း။

ထို့အပြင် နာမည်ကျော် တရုတ် စာရေးဆရာကြီး လူရွှန်း (Lu Hsun) သည်လည်း မြန်မာစာဖတ် ပရိသတ်များနှင့် မစိမ်းသည့် စာရေးဆရာတစ်ဦးပင် ဖြစ်ပါ ကြောင်း၊ လူရွှန်း၏ စာအုပ်များစွာ ကို ဘာသာပြန်ဆိုခဲ့ခြင်းများရှိပါ ကြောင်း၊ Selected Works of Lu Hsun စာအုပ်ကို စာရေးဆရာကြီး စိုးမြိုင်က “လူရွှန်း၏ လက်ရွေးစင် စာပေ”ဟု ဘာသာပြန်ဆိုရေးသား ခဲ့ရာ မြန်မာစာဖတ်ပရိသတ်များ နှစ်သက်ကြပြီး စာရေးဆရာကြီး မြသန်းတင့်၏ ကမ္ဘာ့ဂန္ထဝင် ဝတ္ထုတို ၂၅ ပုဒ် စုစည်းထုတ်ဝေ ခဲ့ရာတွင် စာရေးဆရာ လူရွှန်း၏ စာပေများ ပါဝင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံ ကျွမ်းကျင်ပညာရှင်များ က မြန်မာ–တရုတ် စာပေများကို ဘာသာပြန်ဆိုမှုကဏ္ဍမှ ကူးလူး ဖလှယ်မှုကိုပိုမိုမြှင့်တင်ပြီးတိုးတက် လာစေဖို့ အတူတကွ ဖော်ဆောင် ကြရန် မျှော်လင့်ပါကြောင်း၊ ခေတ်အဆက်ဆက် လက်ချင်း ယှက်ပြီး ရင်းနှီးချစ်ကြည်ခဲ့ကြ သည့် မြန်မာ–တရုတ်ဆက်ဆံရေး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲ စေရန် ဆုမွန်ကောင်းတောင်းပါ ကြောင်း ပြောကြားသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် သံအမတ် ကြီး မစ္စမာကျားတို့က ပေါက်ဖော် နှလုံးသားထဲမှစကားသံများမြန်မာ– တရုတ် နှစ်ဘာသာဖြင့် ထုတ်ဝေ ရေးသားထားသည့် စာအုပ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြ သည်။

ယင်းနောက် မြန်မာ–တရုတ် သံတမန်ဆက်ဆံရေး ထူထောင် ခြင်း (၇၅)နှစ်မြောက် အထိမ်း အမှတ်ဇာတ်လမ်း၊ ပုံပြင်များ စုစည်းမှုတွင် ယန်စီ – ဧရာဝတီ ကမ္ဘာတည်သရွေ့ စာမူရေးသား သူ စာရေးဆရာမ တက္ကသိုလ် မြမဥ္ဇူနှင့် တရုတ်နှင့် မြန်မာ ဘာသာစကား ကျွမ်းကျင်သော စေတနာ့ ဝန်ထမ်းအားလုံးကို ရည်ညွှန်းသောစာမူကို ရေးသား သူ Ms. Li Lili တို့က ကျေးဇူးတင် စကားပြောကြားကြသည်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက် မြန်မာ–တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ဖော်ညွှန်းထားသည့် ကဗျာနှင့် ယူနန်ပြည်နယ် တိုင်းရင်းသား တက္ကသိုလ်မှ ကျောင်းသား ကျောင်း သူလေးများနှင့် နားမကြားသော ကလေးများကျောင်းမှ ကျောင်း သား ကျောင်းသူများက ထာဝရ ချစ်ကြည်ရေးသီချင်းဖြင့် ဖျော်ဖြေ တင်ဆက်ကြသည်။

ယင်းနောက် ထူးချွန်ဆု၊ တတိယ ဆုနှင့် ဒုတိယဆုရရှိသူများအား မြန်မာနိုင်ငံဆိုင်ရာ တရုတ် သံအမတ်ကြီးက လည်းကောင်း၊ ယန်စီ–ဧရာဝတီ ကမ္ဘာတည်သရွေ့ စာမူရေးသားသူ ပထမဆုရရှိသည့် စာရေးဆရာမ တက္ကသိုလ် မြမဥ္ဇူ အား ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

“ပေါက်ဖော် နှလုံးသားထဲက စကားသံ” ဇာတ်လမ်းပုံပြင်များ စုစည်းထားသည့် စာအုပ်ကို မြန်မာ နိုင်ငံဆိုင်ရာ တရုတ်သံရုံးက မြန်မာ–တရုတ် သံတမန်ဆက်ဆံ ရေးထူထောင်သည့် (၇၅)နှစ် မြောက်ကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်နိုင်ငံ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးစွာ ကူးလူး ဆက်ဆံမှုကို ပြသနိုင်ရန် ၂၀၂၅ ခုနှစ် မတ် ၁၈ ရက်က ဖိတ်ခေါ် ခဲ့ကာ ပြိုင်ပွဲဝင်များ၏ လက်ရာ ဆောင်းပါး ကဗျာ၊ ဝတ္ထုတိုများကို စုစည်းထားပြီး ဆုချီးမြှင့်မှုအနေ ဖြင့် ပထမဆု တစ်ဆု၊ ဒုတိယဆု သုံးဆု၊ တတိယဆု နှစ်ဆုနှင့် အခြားဆုများကို ချီးမြှင့်ခဲ့သည်။

အဆိုပါစာအုပ်ကို အပြန်အလှန် ဖေးမကူညီခြင်း၊ မမေ့နိုင်ဖွယ် ရွှေရောင်အချိန်ကာလ၊ အတူတကွ ပူးပေါင်းဆောင်ရွက်မှု၊ စာပေ ယဉ်ကျေးမှုများ၊ အပြန်အလှန် ချိတ်ဆက်မှု၊ ပြည်သူများ စိတ်နှလုံး ခြင်းဆက်သွယ်မှုဟူသည့် အခန်း ငါးခန်းခွဲကာ နှစ်နိုင်ငံ ပြည်သူများ ၏ ချစ်ကြည်ရင်းနှီးမှု၊ မရေမတွက် နိုင်သောရင်ခုန်ဖွယ်၊ ကြည်နူးဖွယ် ကောင်းသည့် ဇာတ်လမ်းပုံပြင် များ၊ တရုတ်–မြန်မာ ပေါက်ဖော် ချစ်ကြည်ရေး ထာဝရဆက်ခံမည့် သမိုင်းဝင်ပုံပြင်များ၊ တရုတ်နိုင်ငံ နှင့် မြန်မာနိုင်ငံရှိ အဖွဲ့အစည်း အသီးသီးမှ ချစ်ကြည်ရင်းနှီးမှု ဇာတ်လမ်းများကို စုစည်းကာ တရုတ်–မြန်မာ နှစ်ဘာသာဖြင့် ရေးသားထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့၌ အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်း ဆေးကုသ

ပြင်ဦးလွင် ဇွန် ၁၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့တို့သည် ပြင်ဦးလွင်မြို့ ခုတင် (၃၀၀)ဆံ့ ပြည်သူ့ဆေးရုံ ကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိ ဦးဆောင်သော အထူးကု ဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့နှင့် ပူးပေါင်း၍ ဇွန် ၁၇ ရက် မွန်းလွဲ ပိုင်းက ရပ်ကွက်ကြီး (၉) ရှိ အေးမြချမ်းသာ သီလရှင်စာသင်တိုက်၌ သီလရှင် ဆရာကြီး /ဆရာလေးများ၊ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း နယ်လှည့်ကွင်းဆင်း ဆောင်ရွက်ရာတွင် ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ အထွေထွေသမားတော်၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ မျက်မှန်အထူးကု ဆရာဝန်၊ ဓာတ်မှန်အထူးကုဆရာဝန်၊ မျက်မှန်ကျွမ်းကျင်၊ ဓာတ်ခွဲ ကျွမ်းကျင်၊ အကြောအဆစ်ကျွမ်းကျင်နှင့် ဆေးဝါးကျွမ်းကျင်အဖွဲ့တို့က သီလရှင် ဆရာကြီး/ ဆရာလေးများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၅၇၃ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ကြပြီး ဆေးဝါးများ အခမဲ့လှူဒါန်းပေးခဲ့ကြောင်း သိရ သည်။

**ခရိုင်(ပြန်/ဆက်)**



## ဟာဂျီ မိုဟာမက် ဆာရစ် ပူဒင် ဘင် မက်ဆရူဒင်အား မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇွန် ၁၉**

ကပ္ပတိန်(ရေတပ်အငြိမ်းစား) ဖြစ်သူ ဟာဂျီ မိုဟာမက် ဆာရစ် ပူဒင် ဘင် မက်ဆရူဒင်အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

ကပ္ပတိန် (ရေတပ်အငြိမ်းစား) ဟာဂျီ မိုဟာမက် ဆာရစ် ပူဒင် ဘင် မက်ဆရူဒင်ကို ၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၆ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၊ ဟာ့ဖို့ဒ်ရှိုင်းယားတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ ရရှိခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ Bangladesh University of Professionals မှ စစ်ဖက်ရေးရာလေ့လာမှု မဟာသိပ္ပံဘွဲ့ ရရှိခဲ့သည်။

တော်ဝင်ဘရူနိုင်းတပ်မတော်(ရေ)တွင် တာဝန်ထမ်းဆောင်စဉ် ကပ္ပတိန် ဟာဂျီ မိုဟာမက် ဆာရစ် ပူဒင် ဘင် မက်ဆရူဒင် သည် ၁၉၉၇ ခုနှစ်တွင် အလုပ်သင်အရာရှိလောင်းအဆင့်မှစတင်၍ ၂၀၂၄ ခုနှစ်တွင် တော်ဝင်ဘရူနိုင်းတပ်မတော်(ရေ) ယာယီဗိုလ်မှူးကြီးအဆင့်အထိ အဆင့်ဆင့် ရာထူးတိုးမြှင့်ခြင်းခံခဲ့ရသည်။ ၎င်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ရှိ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ စစ်သံရုံးတွင် စစ်သံမှူးအဖြစ် ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

**သတင်းစဉ်**

## မစ္စတာကင်ချုံအီအား မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာကင်ချုံအီအား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

မစ္စတာကင်ချုံအီသည် ၁၉၆၃ ခုနှစ် နိုဝင်ဘာလ ၉ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းအနေဖြင့် ၁၉၈၄ ခုနှစ်တွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတကာဆက်ဆံရေး တက္ကသိုလ်မှလည်းကောင်း၊ ၁၉၈၇ ခုနှစ်တွင် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၊ ခေတ်သစ်ဘာသာစကားဆိုင်ရာ အမျိုးသားတက္ကသိုလ်မှလည်းကောင်း ဘွဲ့ရရှိခဲ့သည်။ မစ္စတာကင်ချုံအီသည် ၁၉၈၇ ခုနှစ်တွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာဌာနတွင် အရာရှိအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ဌာနချုပ်နှင့် ပြည်ပတွင်ရာထူး အဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၁ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတွင် တတိယအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့တောင်၊ အနောက်တောင်နှင့် သမုဒ္ဒရာနိုင်ငံများဌာနတွင် အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဆက်လက်၍ ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတွင် ပထမအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ယခင်ဌာနတွင်ပင် ၂၀၁၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာကင်ချုံအီအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ရုံးတွင် ဒေသဆိုင်ရာ တာဝန်ခံအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတွင် သံမှူးအဖြစ်လည်းကောင်း၊ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မူဝါဒရေးရာဌာနတွင် အကြီးတန်းအရာရှိအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာဌာန (၂) တွင် အကြီးတန်းအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၂၂ ခုနှစ်မှ ယနေ့အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာဌာန (၂)တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် Basha များနှင့် Prefabricated Offices များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် Basha တည်ဆောက်ပြီးစီးမှုနှင့် Prefabricated Offices တွင် ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) မိန်းဂိတ်ဝ ဘယ်၊ ညာရှိ နှစ်ခန်းတွဲ လေးခန်းပါ Basha တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိမ္မော်ရောင်အဆင့်နှင့် အနီရောင်အဆင့် သတ်မှတ်ထားသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ မိုးလုံလေလုံနေထိုင်နိုင်စေရန်၊ ချက်ပြုတ်မည့်နေရာများ၊ ရေ မီး၊ မိလ္လာသုံးစွဲမှုများ အဆင်ပြေစေရန်နှင့် အမြန်ဆုံး ပြောင်းရွှေ့နေထိုင်နိုင်စေရေး စီစဉ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ Prefabricated Offices များ၌ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားကွင်း၊ အားကစားရုံဌာနခွဲမှ ဝန်ထမ်းများ၏ ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊



သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းတာဝန် ထမ်းဆောင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားကာ ဝန်ထမ်းများ၏ လိုအပ်ချက်နှင့် တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်လမ်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇွန် ၁၈**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော် ကောင်စီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုနေသည့် ဇမ္ဗူသီရိမြို့နယ် အမှတ်-၆ အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့ သွားရောက်၍ ကျောင်းသားကျောင်းသူများ စိတ်ချမ်းမြေ့စွာ စာမေးပွဲဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး စာမေးပွဲကာလအတွင်း အနှောင့်အယှက်များ၊ အခက်အခဲများမရှိအောင် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တို့ကို



မှာကြားသည်။

ယင်းနောက် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မင်္ဂလာကန် ကန်ပတ်လမ်းအား ပြန်လည်ပြုပြင်မှု၊ ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်း၊ ရာဇသင်္ဂဟလမ်း၊ ဇေယျာဌာနီလမ်း၊ ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီလမ်းနှင့် ဥတ္တရသီရိမြို့နယ်မန္တလေးလမ်း၊ သီရိရတနာလမ်းများ၌ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ လုပ်ငန်းသုံးကျောက်များ သတ်မှတ်အရွယ်အစားအတိုင်း အသုံးပြုရေး၊ လူအင်အားနှင့် စက်ယန္တရားများ တိုးမြှင့်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဥတ္တရသီရိ ရေလှောင်တမံသို့ သွားရောက်၍ တမံ ပြန်လည်ပြုပြင်နေမှု၊ ရေထုတ်ပြွန်အား စက်ကိရိယာများဖြင့် စစ်ဆေးဆောင်ရွက်နေမှု၊ အရေးပေါ် ရေပိုလွှဲတူးဖော်ဆောင်ရွက်နေမှု၊ ယာယီရေတားတမံ တည်ဆောက်နိုင်ရေးအတွက် ချဉ်းကပ်လမ်းမြေဖို့ခြင်း ဆောင်ရွက်နေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးသီဟ (ပြန်/ဆက်)**

❂ ၂၀၂၅-၂၀၂၆ မှ

မန်စီးတီးအသင်းကတော့ ရာသီအစ အဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၁၆ ရက်မှာ ဝုလ်ဗာဟမ်တန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

စပါးအသင်းကတော့ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၁၆ ရက်မှာဘာန်လေအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ချယ်လ်ဆီးအသင်းကတော့ ဩဂုတ် ၁၇ ရက်မှာ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

အခြားသော ပရီမီယာလိဂ် အဖွင့်ပွဲစဉ်တွေမှာတော့ အက်စ်တွန်ဗီလာအသင်းနဲ့ နယူးကာဆယ်အသင်း၊ ဘရိုက်တန်အသင်းနဲ့ ဖူလ်ဟမ်အသင်း၊ နော့တင်ဟမ်ဖောရက်စ်အသင်းနဲ့ ဘရန်းဖို့ဒ်အသင်း၊ လိဒ်ယူနိုက်တက်အသင်းနဲ့ အဲဗာတန်အသင်းတို့ တွေ့ဆုံနေတာဖြစ်ပါတယ်။

**ငွေကြယ်**

# အစွန်းနှစ်ဖက် ရှောင်ခြင်းဆိုသည် ...



**ဒေါက်တာမောင်ကျော်**
**ပါမောက္ခချုပ်(ငြိမ်း)**

လူ့အဖွဲ့အစည်းဆိုသည်မှာ လူတစ်ယောက်စီဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်၏။ တစ်ဦးစီသော လူသားနှင့် လူနေမှုအဖွဲ့အစည်းကြား ဆက်သွယ်မှုအမျိုးမျိုး ဖြစ်ပေါ်လာ၏။ လူတို့နေသည့် ကမ္ဘာသည် ဆင်းရဲ၊ ချမ်းသာ၊ အယူဝါဒ၊ ဂုဏ်ပကာသန၊ ကျားမဆိုပြီး ခွဲခြားထားသော သဘောရှိသည်။

အချို့သော လူတို့သည် ခွဲခြားခွဲခြားဖြစ်စေသည့် အမှတ်တံဆိပ်များကို ခံမင်လာကြသည်တွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကွဲပြားခြားနားသော ကျွန်းစုလေးများကဲ့သို့ ခြားနားသည့်အလား ထင်မှတ်ကြကာ သာယာညီညွတ်ခြင်း သဟဇာတဖြစ်မှုမှ ဝေးကွာလာကြလေတော့သည်။ ယင်းလူ့အဖွဲ့အစည်းသည် သဟဇာတဖြစ်မှုကို သွေဖည်၍ အစွန်းသို့ရောက်သောအခါ ယင်းအဖွဲ့အစည်း၏ တည်ငြိမ်မှု၊ တိုးတက်မှုတို့သည် ရပ်တန့်သွားတတ်၏။ သဟဇာတဖြစ်မှုမှ သွေဖည်သောလမ်းသည် အစွန်းရောက်သွားသောလမ်းဖြစ်၏။ ဤသို့ဆိုလျှင်...

**အစွန်းနှစ်ဖက်ကိုရှောင်သောလမ်းဆိုသည် အဘယ်နည်း**

- အချို့သော လူတို့က “**အစွန်းနှစ်ဖက်ကို ရှောင်သောတရား**” သည် မည်သို့သောကိစ္စမျိုးမဆို “ကြားနေရမည်” အများသဘောဟု မှတ်ယူကောင်း မှတ်ယူကြပါမည်။ “အမှန်နှင့် အများ” တို့နှင့် ရင်ဆိုင်ရလျှင်ပင် “အမှန်ဘက်” သို့လိုက်ရန်လည်းမဟုတ်၊ “အမှား”ဘက်သို့ လိုက်ရန်လည်းမဟုတ်။ ကြားနေရမည်။ ထိုသို့ “ကြားနေခြင်း” သည်သာ “အလယ်လမ်း” ကိုလိုက်သည်ဟု ယူဆကောင်း ယူဆကြမည်ဖြစ်၏။
- အစွန်းနှစ်ဖက်ရှောင်ကာ အလယ်လမ်းကို လိုက်ခြင်းသည် မှန်သောလမ်းဖြစ်ချင်မှဖြစ်မည်။ မှန်သောလမ်းကိုလိုက်ခြင်းသည် သမ္မာဒိဋ္ဌိရှိမှ တွေ့မြင်နိုင်ပါမည်။
- ထိုနည်းတူစွာပင် “အကောင်းနှင့်အဆိုး” တို့နှင့် ရင်ဆိုင်ရလျှင်လည်း “အကောင်းဘက်”သို့ လိုက်ရန်လည်းမဟုတ်၊ “အဆိုးဘက်” သို့ လိုက်ရန်လည်းမဟုတ်။ ကြားနေရမည်။ ထိုသို့ “ကြားနေခြင်း” သည်သာ “အလယ်လမ်း”ကို လိုက်သည်ဟု ယူဆကောင်း ယူဆကြမည်ဖြစ်၏။
- “အမှန်နှင့် အမှား” ကို ရင်ဆိုင်ရလျှင် “အမှန်ဘက်”သို့ လိုက်ရမည်ဖြစ်၏။ “အကောင်းနှင့်အဆိုး” ကို ရင်ဆိုင်ရလျှင်လည်း “အကောင်း”ဘက်သို့ လိုက်ရမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် “အစွန်းနှစ်ဖက်ကို ရှောင်သောတရား” သည် “အမှန်” ကို ဦးတည်ထားသောတရား၊ “အကောင်း”ကို ဦးတည်ထားသောတရားဖြစ်သောကြောင့်ဖြစ်၏။

ဗုဒ္ဓက ‘မှန်သောလမ်း’သည် “မဂ္ဂသစ္စာ” အစွန်းနှစ်ဖက်ကို ရှောင်သောလမ်း “မဇ္ဈိမပဋိပဒါလမ်း” ဖြစ်သည်ဟု ဟောကြားခဲ့၏။ အစွန်းရောက်သော ပထမလမ်းသည် သာမန်လူတို့၏ အလေ့ဖြစ်သော၊ အကျိုးကျေးဇူးမရှိသော ကာမဂုဏ်အာရုံကို လိုက်စားမြူးထူးပျော်ပါးခြင်းဖြင့် ချမ်းသာမှုကို ရှာဖွေခြင်းဖြစ်သည်။ အစွန်းရောက်သော ဒုတိယလမ်းသည် ဆင်းရဲခြင်းကိုဖြစ်စေသော၊ မထိုက်တန်သော၊ အကျိုးကျေးဇူးမရှိသော မိမိကိုယ်ကို နှိပ်စက်ညှဉ်းဆဲ၍ ကြိုးပမ်းအားထုတ်ရသော ကျင့်စဉ်ဖြင့် ချမ်းသာမှုကို ရှာဖွေသောလမ်းဖြစ်သည်။

ရှင်တော်ဗုဒ္ဓ၏ အစွန်းနှစ်ဖက်ကို ရှောင်ခြင်းဆိုသည်မှာ လောကစည်းစိမ်ကို အလွန်အကြူးခံစားသော တစ်ဖက်စွန်းနှင့် မိမိကိုယ်မိမိ အလွန်အကြူးညှဉ်းဆဲသော တစ်ဖက်စွန်းတို့ကို ရှောင်ခြင်းဖြစ်၏။ ဗုဒ္ဓမြတ်စွာဘုရားသည် ပညာမျက်စိဖြင့် (စက္ခုံ၊ ဉာဏ၊ အဝိဇ္ဇာ၊ အလောကော) အသိဉာဏ်ကို ပွင့်လင်းစေပြီး စိတ်ငြိမ်းချမ်းခြင်းကို ဖြစ်စေ၍ ထူးထူးခြားခြားသိမြင်ခြင်း၊ အမှန်သဘောကို ထိုးဖောက်မြင်ခြင်းဖြင့် နိဗ္ဗာန်သို့ ဆိုက်ရောက်စေနိုင်သည်။

ဗုဒ္ဓ၏အစွန်းနှစ်ဖက်ကို ရှောင်သော တရားတော်သည် တရားဓမ္မသဘောအားဖြင့်သာမက လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး လူမှုစီးပွားနှင့် နိုင်ငံရေးနယ်ပယ်တို့၌လည်း ဤအစွန်းနှစ်ပါးကို ရှောင်သောလမ်းနှင့် အတ္တကို ပဓာနမထားသောတရားများကို ကျင့်သုံးပါက လူ့ဘောင်လောကကြီးသည် သာယာချမ်းမြေ့ပါလိမ့်မည်ဟု ယုံကြည်ပါ၏။ ဤနေရာတွင် “အစွန်းနှစ်ဖက်” ကို ရှောင်ခြင်းနှင့် “ဦးတည်ချက်”တို့၏ ခြားနားပုံ၊ ဆက်စပ်ပုံတို့ကို ကွက်ကွက်ကွင်းကွင်း မြင်ရန်လို၏။ အစွန်းနှစ်ဖက်ကို ရှောင်သောတရားနှင့်ပတ်သက်၍–

- “အစွန်းနှစ်ဖက်ကို ရှောင်ခြင်း” သည် “နည်းလမ်း”ဖြစ်၏။ “မှန်ခြင်း” “ကောင်းခြင်း”သည် “ဦးတည်ချက်”ဖြစ်၏။ အစွန်းနှစ်ဖက်ရှောင်ကာ အလယ်အလတ်လမ်းကို လိုက်ခြင်းသည် မှန်သောလမ်း ဖြစ်ချင်မှဖြစ်မည်။
- “အစွန်းနှစ်ဖက်” ကို ရှောင်ခြင်းဖြင့် “မှန်သောအဖြစ်”၊ “ကောင်းသောအဖြစ်”ကို ရနိုင်၏။ တစ်နည်းအားဖြင့် အလုပ်တစ်ခုကိုလုပ်ရာတွင် ပထမ “မှန်သောဦးတည်ချက်”၊ “ကောင်းသောဦးတည်ချက်” ကို ချမှတ်ရ၏။ ယင်းဦးတည်ချက်သို့ တည့်တည့်မတ်မတ်သွားသောလမ်းသည်လည်း ယင်းဦးတည်ချက်ကို အကြောင်းပြုလျက် “မှန်သောလမ်း”၊ “ကောင်းသောလမ်း” ဖြစ်လာရ၏။ ယင်းဦးတည်ချက်ကို သွေဖည်သောလမ်းသည် အစွန်းရောက်သွားသောလမ်း ဖြစ်၏။
- ဗုဒ္ဓက မှန်သောလမ်းသည် (မဂ္ဂသစ္စာ) အစွန်းနှစ်ဖက်ကို ရှောင်သောလမ်းဖြစ်သည်၊ မှန်သောလမ်းကို ရှာဖွေကျင့်သုံးခြင်းသည်သာ အစွန်းတရားနှစ်ဖက်မှ ရှောင်ခြင်းမည်၏။ မှန်သောလမ်းကို လိုက်ခြင်းသည်သာ အစွန်းနှစ်ဖက်ကို ရှောင်ခြင်းဖြစ်၏။
- မဇ္ဈိမပဋိပဒါ၊ အစွန်းတရားကင်းသူများသည် ပျော်ပျော်ရွှင်ရွှင်နေနိုင်သူများဖြစ်ပါသည်။ အခက်အခဲပြဿနာများ ကြုံလာသည့်အခါ စိတ်အေးလက်အေးထား၊ အလုပ်ကို ပျော်ပျော်ရွှင်ရွှင် ထမ်းရွက်ခြင်းဖြင့် လူ့ဘဝကို တည်ထောင်ကြခြင်းဖြစ်သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာမဲ့သူတို့၏ စိတ်သည်လည်း နောက်ကျိစေပြန်ပါသည်။ နောက်ကျိသည့်စိတ်များက အမှန်အသိများကို ဖုံးကွယ်ထားကြပါသည်။ ထို့ကြောင့် အမှန်အသိများကို မသိနိုင် မမြင်နိုင်ဖြစ်ရပါသည်။
- မှန်သောလမ်းကို လူတိုင်းရှာဖွေတွေ့ရှိ၍ ကျင့်သုံးခြင်းဖြင့် လူနေမှုအဖွဲ့အစည်းကြား ဆက်နွှယ်မှုသည် သဟဇာတဖြစ်နေပေလိမ့်မည်၊ တည်ငြိမ်မည်၊ တိုးတက်မည်ဟု ဟောကြားခဲ့၏။

ဗုဒ္ဓ၏ တရားတော်များက ငြိမ်းချမ်းဖွယ်ဖြစ်သည်။ ဗုဒ္ဓက လူတို့သည် အမှောင်ထုထဲ ကျရောက်နေပြီ၊ အမှောင်ထုမှ အလင်းဆီသို့ ရောက်မည့်လမ်းရှိသည်ဟု ဟောကြားခဲ့သည်။ လူတို့ကို အိပ်မက် သံသရာထဲမှ မြင့်မြတ်သည့်ဘဝကို တက်လှမ်းစေချင်သည်။ ထိုဘဝ၌ လူတို့သည် အမုန်းတရားကင်းပြီး ချစ်ခင်ကြသည်။ တစ်ဦးကို တစ်ဦး ကူညီကြသည်။ နာကျင်အောင်၊ နာကြည်းအောင်မလုပ်ကြဘူးဟု ဗုဒ္ဓက ဟောကြားခဲ့သည်။

ရာစုသစ်၏ အကြီးမားဆုံးစိန်ခေါ်မှုသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်လောက်မဟုတ်ပါ။ လောဘ၊ ဒေါသ၊ မောဟကြီးမားခြင်း၊ မာန က္လာသာမစ္ဆရိယ၊ ဒိဋ္ဌိ စသည့် စိတ်ကို ညစ်ညမ်းစေသော စေတသိက်များအန္တရာယ်မှ ကာကွယ်ရန်ဖြစ်၏။ ကိုယ်ကျင့်တရားနှင့် ကိုယ့်သိက္ခာကို ညစ်ညမ်းစေသည့် စေတသိက်များ၏ ဘေးအန္တရာယ်မှ ကာကွယ်ရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန်သာဖြစ်၏။

“ပုဗ္ဗာစရိယ မိနှင့်ဖ” သည် လက်ဦးဆရာများဖြစ်ကြ၏။ ဆရာကောင်းများ၊ အမိအဖများက ကောင်း၍ မှန်ကန်သည့်လမ်း၊ အကောင်းနှင့်အဆိုး ခွဲခြားတတ်အောင် သွန်သင်ပေးကြရလိမ့်မည်။ ကျွန်တော်တို့တစ်တွေ၏ ရှေ့ခရီးသည် ရှည်လျားပါ၏။ ဤခရီးမှာ ဖြဟ္မစိုရ်တရား လေးပါးလက်ကိုင်ထားသူ၊ ပုဂ္ဂိုလ်ထူးသူတို့၏ စိတ်၊ ရဲဖော်ရဲဘက်စိတ်၊ ကိုယ်ချင်းစာစိတ်များ မွေးမြူကြရလိမ့်မည်။ ကောင်းခြင်းမင်္ဂလာ အဖြာဖြာတို့ကို မျှဝေကြရလိမ့်မည်။ ပူးပေါင်းဆောင်ရွက်၊ ကူညီရိုင်းပင်းသည့်စိတ်ကို ဆောင်ရပါမည်။ ရင်ဆိုင်ထိပ်တိုက် အကြမ်းဖက်မှုများကို ရှောင်ရလိမ့်မည်။ ကျွန်တော်တို့တစ်တွေသည် ကြွယ်ဝချမ်းသာခြင်းနှင့် အာဏာရှိခြင်းကို အောင်မြင်သည်ဟု သတ်မှတ်သည်။ သညာ (ဗဟုသုတ)ကို အသိဉာဏ်ဟု မှားယွင်းစွာထင်နေကြသည်။ ရုပ်ရှင်သရုပ်ဆောင်များ၊ အားကစားသမားများနှင့် ဂီတပညာရှင်များကို မိဘများ၊ ရဲအရာရှိများနှင့် ဆရာများထက် ပို၍ဂုဏ်ပြုကြသည်။ ဦးခိုက်ကြသည်။ မိဘများ၊ ရဲအရာရှိများနှင့် ဆရာ ဆရာမများ၏ တာဝန်နှင့် ဝတ္တရားများက မြင့်မြတ်သည်၊ ကြီးမားသည်ကို မမြင်နိုင်သည်ကခက်သည်။ ကိုယ်တိုင်လည်း မေတ္တာတွေခြုံ၊ အရပ်ဆယ်မျက်နှာကိုလည်း မေတ္တာပို့ကြရလိမ့်မည်။ ၎င်းတို့ကို မမေ့မလျော့ သိရှိပြုကျင့်မှသာလျှင် လူ့ဘဝရောက်ရကျိုးနပ်ပါလိမ့်မည်ဟု ပြောချင်ပါကြောင်း...ကျွန်တော်တို့ တစ်ဦးတစ်ယောက်စီ၏ စိတ်တွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာများပွားများလျှင် ကမ္ဘာကြီးကိုပင် တည်ငြိမ်အေးချမ်းစေပါကြောင်း ရေးသားအပ်ပါသည်။ ။

**❖ “အမှန်နှင့် အမှား” ကို ရင်ဆိုင်ရလျှင် “အမှန်ဘက်”သို့ လိုက်ရမည်ဖြစ်၏။ “အကောင်းနှင့်အဆိုး” ကို ရင်ဆိုင်ရလျှင်လည်း “အကောင်း”ဘက်သို့ လိုက်ရမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် “အစွန်းနှစ်ဖက်ကို ရှောင်သောတရား”သည် “အမှန်”ကို ဦးတည်ထားသောတရား၊ “အကောင်း” ကို ဦးတည်ထားသောတရားဖြစ်သောကြောင့်ဖြစ်**

**❖ ရှင်တော်ဗုဒ္ဓ၏ အစွန်းနှစ်ဖက်ကို ရှောင်ခြင်းဆိုသည်မှာ လောကစည်းစိမ်ကို အလွန်အကြူးခံစားသော တစ်ဖက်စွန်းနှင့် မိမိကိုယ်မိမိ အလွန်အကြူးညှဉ်းဆဲသော တစ်ဖက်စွန်းတို့ကို ရှောင်ခြင်းဖြစ်၏။ ဗုဒ္ဓမြတ်စွာဘုရားသည် ပညာမျက်စိဖြင့် (စက္ခုံ၊ ဉာဏ၊ အဝိဇ္ဇာ၊ အလောကော) အသိဉာဏ်ကို ပွင့်လင်းစေပြီး စိတ်ငြိမ်းချမ်းခြင်းကိုဖြစ်စေ၍ ထူးထူးခြားခြား သိမြင်ခြင်း၊ အမှန်သဘောကို ထိုးဖောက်မြင်ခြင်းဖြင့် နိဗ္ဗာန်သို့ ဆိုက်ရောက်စေနိုင်**

**❛ မဇ္ဈိမပဋိပဒါ၊ အစွန်းတရားကင်းသူများသည် ပျော်ပျော်ရွှင်ရွှင်နေနိုင်သူများဖြစ်ပါသည်။ အခက်အခဲပြဿနာများ ကြုံလာသည့်အခါ စိတ်အေးလက်အေးထား၊ အလုပ်ကို ပျော်ပျော်ရွှင်ရွှင် ထမ်းရွက်ခြင်းဖြင့် လူ့ဘဝကို တည်ထောင်ကြခြင်းဖြစ်သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာမဲ့သူတို့၏ စိတ်သည်လည်း နောက်ကျိစေပြန်ပါသည်။ နောက်ကျိသည့်စိတ်များက အမှန်အသိများကို ဖုံးကွယ်ထားကြပါသည်။ ထို့ကြောင့် အမှန်အသိများကို မသိနိုင် မမြင်နိုင်ဖြစ်ရ ❜**

# ယနေ့ညမှ ဇွန် ၂၄ ရက်အတွင်း နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်

**နေပြည်တော် ဇွန် ၁၈**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်း ရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း ယနေ့ညမှ ဇွန် ၂၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန် တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင် ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသ များတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက် လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင် သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်း တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်း သွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများ အနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါ ရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်၏ ၁၈-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆: ၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၉-၆-၂၀၂၅ ရက်နေ့မှ ၂၄-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းတွက်ချက်ပြပုံ။




# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ဥစားကြက်ခြံနှင့် နို့စားနွားမွေးမြူရေးခြံများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တောင်ကြီး ဇွန် ၁၈**



ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် တောင်ကြီး မြို့နယ် ရွှေညောင်မြို့ လှိုင်ဘုံသာ ရပ်ကွက်ရှိ ဦးသောင်းကြည်၏ ဥစားကြက် မွေးမြူရေးခြံ၌ ဥစားကြက်ကြီး အကောင်ရေ ၉၈၁၀၀၀၊ ဥစားကြက်ကြက်လတ်၊ ဥစားကြက်ငယ် ကောင်ရေ ၆၅၀၀၀ မွေးမြူထားရှိမှု၊ ကြက်ခြံ၊ အစာစပ်စက်ရုံနှင့် ငါးကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် နှင့်အဖွဲ့သည် ကလောခရိုင် ဟဲဟိုး မြို့ ပြည်ထောင်စုလမ်းမကြီး မိတ္ထီလာ-တောင်ကြီး လမ်းပိုင်း ဘေးရှိ မျိုးချစ်နို့စားနွားခြံ၌ သုံးနှစ်အောက် နို့စားနွားအမ လေးကောင်၊ သုံးနှစ်အထက် အထီး နှစ်ကောင်၊ အမ ၂၆ ကောင် စုစုပေါင်း ၃၂ ကောင် မွေးမြူထားရှိ မှု၊ ဒိန်ချဉ်ထုတ်လုပ်သည့်စက်ရုံ၊ ခြံဝင်းအတွင်း မွန်ဘားစားနှင့် နေပီယာမြက်မျိုးများ စိုက်ပျိုး ထားရှိမှုတို့ကို ကြည့်ရှုအားပေး သည်။

မျိုးချစ်နို့စားနွားခြံ၌ နို့ပေးနွားမ ၁၄ ကောင်မှ တစ်ရက်နို့ပိဿာချိန် ၈၀ ခန့်ထွက်ရှိပြီး နို့ထွက်ပစ္စည်း များအဖြစ် ဒိန်ချဉ်၊ အသင့်သောက် နို့၊ ထောပတ်၊ အဆီထုတ်နို့၊ နို့ခဲများ ပြုပြင်ထုတ်လုပ်၍ တောင်ကြီး၊ နောင်တရား၊ ပင်လောင်း၊ ကလော၊ အောင်ပန်း၊ ဟဲဟိုး၊ ရပ်စောက်၊ ညောင်ရွှေ၊ စသည့်မြို့များသို့ ဖြန့်ဖြူးလျက်ရှိ ကြောင်းနှင့် တိရစ္ဆာန်အစာအတွက် ခြံအတွင်းကိုယ်တိုင် နေပီယာ နှစ်ဧကနှင့် မွန်ဘားစား တစ်ဧက ခန့် စိုက်ပျိုးထားကြောင်း သိရ သည်။

**မောင်မောင်သန်း(တောင်ကြီး)**

# အားကောင်းသော လေဖိအားနည်းရပ်ဝန်းအခြေအနေ

**နေပြည်တော် ဇွန် ၁၈**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တွင် ဖြစ်ပေါ်နေသော အားကောင်း သောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက် မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဂျက်ခမ်းပြည်နယ်ကို ဖြတ်ကျော်နိုင်ကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**




# ထားဝယ်မြို့နယ်၌ မျိုးစပါး / သွင်းအားစုများ ပေးအပ်ပွဲအခမ်းအနားကျင်းပ



**ထားဝယ် ဇွန် ၁၈**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးရေး စီမံကိန်း(မြစိမ်းရောင်)သမဝါယမ ကဏ္ဍမှ ထားဝယ်မြို့နယ်အတွင်းရှိ လယ် ၁၅၅၄ ဧကအတွက် ငွေကျပ် သိန်း ၃၁၀၈ နှင့် ညီမျှသော မျိုးစပါး/ သွင်းအားစုများပေးအပ်ပွဲအခမ်း အနားကို ယမန်နေ့နံနက်ပိုင်းက ထားဝယ်မြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါလွင်က ထားဝယ်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးရာသီတွင် တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးစပါးနှင့်သွင်းအားစုများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ မျိုးကောင်းမျိုးသန့်အသုံးပြုရေး၊ စိုက်ပျိုး မြေအရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ရေး၊ စိုက်ပျိုးရေ ဖူလုံစွာရရှိပြီး ရေမြုပ်ခြင်းမှကာကွယ်ရေး၊ စိုက်ပျိုးနည်းစနစ်မှန်ကန် ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထားဝယ်မြို့နယ်အဆင့် မိုးစပါးစိုက်ပျိုးရေးစီမံကိန်း (မြစိမ်းရောင်) ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက သမဝါယမအသင်းစုသို့ မတည်ရင်းနှီးငွေများ ပေးအပ်သည်။

ဆက်လက်၍ တာဝန်ရှိသူများက ထားဝယ်မြို့နယ်အတွင်း ရပ်ကွက်ကျေးရွာလေးခုရှိ အသင်းသားတောင်သူ ၂၃ ဦး၏ မိုးစပါး ၁၅၅၄ ဧကအတွက် မျိုးစပါးနှင့်သွင်းအားစုများပေးအပ်ပြီးအသင်း သားတောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မန္တလေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၁၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ ဝမ်းတွင်းမြို့နယ် ဒိုင်ကောင်းကုန်းအခြေခံပညာအထက်တန်းကျောင်းနှင့် ကျောက်ဆည်မြို့ (ဟန်မြင့်မိုရ်) အခြေခံပညာအထက်တန်းကျောင်း၊ စဉ့်ကိုင်မြို့(ဘယ်လင်း)အခြေခံပညာအထက်တန်းကျောင်းရှိ စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုနှင့် စာစစ်ဌာနအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ စာမေးပွဲကာလအတွင်း စာသင်ရပ်နားထားသည့် ကျောင်းသား ကျောင်းသူများ စာသင်ချိန်ပြည့်မီအောင် ပြန်လည်ဖြည့်ဆည်းသင်ကြားပေးရေး၊ စာသင်ဆောင်၊ ကျောင်းဆောင်များ အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရေး မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့ကျင်းပသည့် စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးရှိ ခရိုင် ၁၀ ခရိုင်၊ ၂၅ မြို့နယ်တွင် စာစစ်ဌာနစုစုပေါင်း ၁၀၁ ခု၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၃၄၂၄၁ ဦး စာရင်းပေးသွင်းကြပြီး သင်္ချာဘာသာရပ်ကို ၃၃၇၆၃ ဦး ဝင်ရောက်ဖြေဆိုသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၀ ရာခိုင်နှုန်း ရှိသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ စာစစ်ဌာန စုစုပေါင်း ၁၉၅ ခုတို့၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၆၃၆၇၃ ဦး စာရင်းပေးသွင်းကြပြီး ၆၂၇၉၂ ဦး ဝင်ရောက်ဖြေဆိုသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၂ ရာခိုင်နှုန်းရှိသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်တက္ကသိုလ်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စီမံဆိုင်ရာ၊ သင်ကြားသင်ယူမှုဆိုင်ရာ အရည်အသွေးများ တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ကမ္ဘောဇကျောင်းဆောင်ခန်းမ၌ မန္တလေးတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းအုပ်ကြီးများ၊ ကိုယ်ပိုင်၊ ပုဂ္ဂလိကကျောင်းတည်ထောင်သူ၊ ကျောင်းအုပ်ကြီးများ၊ International School တည်ထောင်သူ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပြီး ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက သိရှိလိုသည်များနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၊ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းခွဲ အလက(၁) ကျောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အခြေခံပညာဦးစီးဌာန
## ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ
## (စာရင်းရှိ၊ ဖြေဆို၊ ပျက်ကွက်) စာရင်း

အင်္ဂလိပ်စာဘာသာရပ် ရက်စွဲ၊ ၁၇-၆-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၃၃၇ | ၅၃၅၉ | ၈၆၉၆ | ၃၂၈၁ | ၅၃၀၃ | ၈၅၈၄ | ၅၆ | ၅၆ | ၁၁၂ | ၉၈.၇၁ % | ၁.၂၉% | |
| ၂ | စစ်ကိုင်း | ၉ | ၁၃ | ၂၅ | ၃၁၃၈ | ၅၀၆၇ | ၈၂၀၅ | ၃၀၇၅ | ၄၉၆၇ | ၈၀၄၂ | ၆၃ | ၁၀၀ | ၁၆၃ | ၉၈.၀၁% | ၁.၉၉% | |
| ၃ | မန္တလေး | ၁၀ | ၂၅ | ၁၀၁ | ၁၄၆၅၈ | ၁၉၅၈၃ | ၃၄၂၄၁ | ၁၄၃၈၈ | ၁၉၃၈၀ | ၃၃၇၆၈ | ၂၇၀ | ၂၀၃ | ၄၇၃ | ၉၈.၆၂% | ၁.၃၈ % | |
| ၄ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၄၆၈ | ၇၀၆၃ | ၁၂၅၃၁ | ၅၄၀၃ | ၇၀၀၃ | ၁၂၄၀၆ | ၆၅ | ၆၀ | ၁၂၅ | ၉၉.၀၀% | ၁.၀၀ % | |
| စုစုပေါင်း | | ၂၉ | ၅၈ | ၁၉၅ | ၂၆၆၀၁ | ၃၇၀၇၂ | ၆၃၆၇၃ | ၂၆၀၄၇ | ၃၆၆၅၃ | ၆၂၈၀၀ | ၅၅၄ | ၄၁၉ | ၈၇၃ | ၉၈.၆၃% | ၁.၃၇% | |

## အခြေခံပညာဦးစီးဌာန
## ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ
## (စာရင်းရှိ၊ ဖြေဆို၊ ပျက်ကွက်) စာရင်း

သင်္ချာဘာသာရပ် ရက်စွဲ၊ ၁၈-၆-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၃၃၇ | ၅၃၅၉ | ၈၆၉၆ | ၃၂၈၁ | ၅၃၀၂ | ၈၅၈၃ | ၅၆ | ၅၇ | ၁၁၃ | ၉၈.၇၀% | ၁.၃၀% | |
| ၂ | စစ်ကိုင်း | ၉ | ၁၃ | ၂၅ | ၃၁၃၈ | ၅၀၆၇ | ၈၂၀၅ | ၃၀၇၃ | ၄၉၆၇ | ၈၀၄၀ | ၆၅ | ၁၀၀ | ၁၆၅ | ၉၇.၉၉% | ၂.၀၁% | |
| ၃ | မန္တလေး | ၁၀ | ၂၅ | ၁၀၁ | ၁၄၆၅၈ | ၁၉၅၈၃ | ၃၄၂၄၁ | ၁၄၃၈၄ | ၁၉၃၇၉ | ၃၃၇၆၃ | ၂၇၄ | ၂၀၄ | ၄၇၈ | ၉၈.၆၀% | ၁.၄၀% | |
| ၄ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၄၆၈ | ၇၀၆၃ | ၁၂၅၃၁ | ၅၄၀၃ | ၇၀၀၃ | ၁၂၄၀၆ | ၆၅ | ၆၀ | ၁၂၅ | ၉၉.၀၀% | ၁.၀၀% | |
| စုစုပေါင်း | | ၂၉ | ၅၈ | ၁၉၅ | ၂၆၆၀၁ | ၃၇၀၇၂ | ၆၃၆၇၃ | ၂၆၁၄၁ | ၃၆၆၅၁ | ၆၂၇၉၂ | ၄၆၀ | ၄၂၁ | ၈၈၁ | ၉၈.၆၂% | ၁.၃၈% | |

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြသည့် Grade-12 ကျောင်းသား ကျောင်းသူများ သင်္ချာဘာသာရပ် ဆက်လက်ဖြေဆို

**နေပြည်တော် ဇွန် ၁၈**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သော ပညာတတ်အရင်းအမြစ်များ ပေါ်ကြွယ်ဝရေးအတွက် မျိုးဆက်သစ်ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးကို အဓိကထား အလေးပေးဆောင်ရွက်လျက်ရှိသည်နှင့်အညီ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြသည့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့မှ ကျောင်းသား ကျောင်းသူများအား စာမေးပွဲပထမနေ့ကို ဇွန် ၁၆ ရက်မှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်များမှ စာစစ်ဌာနအသီးသီး၌ စာမေးပွဲများ ကျင်းပပေးလျက်ရှိသည်။

ယနေ့တွင်လည်း သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများသည် စာမေးပွဲ တတိယနေ့တွင် သင်္ချာဘာသာရပ်ကို ဆက်လက်ဖြေဆိုလျက်ရှိကြသည်။ သင်္ချာဘာသာရပ်ဖြေဆိုမှုအနေဖြင့် ကျောင်းသား ကျောင်းသူ ဦးရေ ၆၂၇၉၂ ဦး (ဖြေဆိုရာခိုင်နှုန်း ၉၈ ဒသမ ၆၂ ရာခိုင်နှုန်း) ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ကျောင်းသား ကျောင်းသူများနှင့် လိုက်ပါပို့ဆောင်ပေးသည့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

စာမေးပွဲများ ပြန်လည်ကျင်းပနေစဉ်ကာလအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် စာမေးပွဲများကျင်းပနေသည့် မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို စနစ်တကျ စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။

သတင်းစဉ်



မြစ်ကြီးနားမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။



မိုးကောင်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီး ပြန်လည်ထွက်ခွာလာသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

သန်းလွင်ဦး(ပြန်/ဆက်)



တပ်ကုန်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီး ပြန်လည်ထွက်ခွာလာသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

တင်စိုးလွင်



လယ်ဝေးမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြသည့် Grade-12 ကျောင်းသား ကျောင်းသူများ သင်္ချာဘာသာရပ် ဖြေဆိုနေမှုကို တွေ့ရစဉ်။

မြို့နယ်(ပြန်/ဆက်)



နန်းယွန်း မြို့နယ်၌ တက္ကသိုလ်ဝင် စာမေးပွဲ လာရောက် ဖြေဆိုသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

မြို့နယ်(ပြန်/ဆက်)



စဉ့်ကိုင်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီး ပြန်လည်ထွက်ခွာလာသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

ကျော်စွာ(စဉ့်ကိုင်)

# မော်လမြိုင်မြို့၌ ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



မော်လမြိုင် ဇွန် ၁၈

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန၏ ၂၀၂၅ ခုနှစ် ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင် ပညာရေးဒီဂရီကောလိပ် ပညာညီလာခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် မော်လမြိုင် ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးတို့က သင်တန်းဆင်း အမှာစကားပြောကြားကြပြီး ကျောင်းသူတစ်ဦးက “နှလုံးသားကို အလှဆင်ပါ” သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆုရသင်တန်းသား သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



# ဒေးဒရဲမြို့နယ်၌ ရေပြင်အသက်ကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

ဒေးဒရဲ ဇွန် ၁၈

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ရေပြင်အသက်ကယ် သရုပ်ပြလေ့ကျင့်မှုများကို ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဒေးဒရဲမြို့နယ် မီးသတ်ဦးစီးမှူး ဦးဟန်ဝင်းစိုးက ရှာဖွေကယ်ဆယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်အချက်အလက်များကို ရှင်းလင်းပြောကြားပြီး ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေးနှင့်ပတ်သက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ ခြောက်ဦး၊ လူသားချင်းစာနာမှုကူညီရေးအသင်းမှ ငါးဦးတို့ပူးပေါင်းကာ ရှာဖွေကယ်ဆယ်ရေးရေယာဉ်ဖြင့် မြစ်ရေပြင်အတွင်း လှေတိမ်းမှောက်ရာ၌ ရေနစ်သူများအား ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှေးဦးသူနာပြုစုခြင်းနှင့်ပရဟိတအဖွဲ့များက ပြည်သူ့ဆေးရုံသို့ လျင်မြန်စွာ တင်ပို့ခြင်းများကို တိုးမြစ်အတွင်း၌ လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရောဦးသာ

# ကျွန်းစုမြို့၌ ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

ကျွန်းစု ဇွန် ၁၈

တနင်္သာရီတိုင်း ဒေသကြီး ကျွန်းစုမြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ်များအတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရေပြင်အသက်ကယ် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၁) ရပ်ကွက် မြို့အဝင် ဆိပ်ခံတံတား၌ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့က ဦးဆောင်၍ ပြုလုပ်သည်။



ဦးစွာ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးတင်ထွန်းနိုင်က ဇာတ်တိုက်လေ့ကျင့်ခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ထိုသို့ ဇာတ်တိုက်လေ့ကျင့်ရာတွင် ရေနစ်မြုပ်နေသူများအား ရှာဖွေကယ်ဆယ်၍ အသက်ကယ်လှေများပေါ်တွင် ရှေးဦးပြုစုခြင်း၊ အသက်ရှူ အားကူနည်းပြုလုပ်ခြင်း၊ လူနာတင်ယာဉ်များဖြင့် ဆေးရုံသို့ ပို့ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များ၊ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စင်း၊ လူနာတင်ယာဉ်တစ်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးတို့ဖြင့် ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)

# ဒိုက်ဦးမြို့၌ ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်



ဒိုက်ဦး ဇွန် ၁၈

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အောင်ရတနာခန်းမ၌ ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားကို ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ လူမှုကူညီရေးအဖွဲ့၊ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၇၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

# နတ်တလင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဟောပြော

နတ်တလင်း ဇွန် ၁၈

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက အထက(နတ်တလင်း) မနောဟဒယခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်နွယ်နီစိုးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောကာ မိုးကြိုးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ကျောင်းသားကျောင်းသူများနှင့်အတူ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ပြီး မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ဦးလတ်က မီးဘေး၊ မုန်တိုင်းဘေးနှင့် ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဒုတိယမြို့နယ်တပ်ဖွဲ့မှူး ဦးကျော်ဇင်ဦးက ရှေးဦးသူနာပြုစုနည်းအကြောင်း အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။



ဝေယံဖြိုး(ပြန်/ဆက်)

# တောင်ငူမြို့၌ ငလျင်ဘေးအန္တရာယ်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

တောင်ငူ ဇွန် ၁၈

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ခရိုင်မီးသတ်ဦးစီးဌာန၊ ခရိုင်ပညာရေးမှူးရုံး၊ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် မြို့ပေါ်ပရဟိတအသင်းအဖွဲ့များ ပူးပေါင်း၍ ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး သရုပ်ပြသလေ့ကျင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းက တောင်ငူမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် တောင်ငူခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး ငလျင်ဘေးအန္တရာယ်ဆိုင်ရာအသိပညာပေး ဆွေးနွေးပြောကြားသည်။

ထို့နောက် ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးသရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်ကြရာ ငလျင်လှုပ်ခတ်ပြီးနောက် ကျောင်းသား ကျောင်းသူများ သတ်မှတ်စုရပ်ကွင်းပြင်သို့ ပြေးထွက်ခြင်း၊ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် ပရဟိတအသင်းအဖွဲ့များမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များက အဆောက်အအုံအတွင်း ပိတ်မိ၍ ဒဏ်ရာရရှိသူများအား ကူညီကယ်ဆယ်မှုများ သရုပ်ပြသခြင်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ခြင်းတို့ကို သရုပ်ပြသလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဇော်ကိုကို(တောင်ငူ)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# အမှိုက်စနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေးလုပ်ငန်းဆောင်ရွက်

**ဘားအံ**

ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်ပြီး သယံဇာတအရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးချနိုင်ရေး၊ အန္တရာယ်ကင်းသည့်စွန့်ပစ်မှုများ ဖြစ်စေရေးအတွက် ကရင်ပြည်နယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပြည်နယ်စည်ပင်သာယာ ရေးအဖွဲ့တို့ပူးပေါင်း၍ စွန့်ပစ်အမှိုက်များ ခွဲခြား စွန့်ပစ်မှုပညာပေးသရုပ်ပြပွဲကို ဇွန် ၁၈ ရက်နံနက် ပိုင်းက ဘားအံမြို့ပေါ်ဈေးများ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးနှင့်တာဝန်ရှိသူ များတက်ရောက် ကြည့်ရှုအားပေးသည်။

ဦးစွာ ဘားအံမြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့မ ဈေးကြီးနှင့် အမှတ်(၁)အဆင့်မြင့်စံပြဈေး၊ အမှတ် (၅)ရပ်ကွက်ရှိ မာန်အောင်ဈေး၊ အမှတ်(၆)ရပ်ကွက် ရှိ သီရိဈေးတို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူ များက ဈေးသူ/ဈေးသားများနှင့် ဒေသခံပြည်သူများ အား အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေး၍ အမှိုက်ခွဲခြား စွန့်ပစ်ခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စနစ်တကျခွဲခြားစွန့်ပစ်ခြင်းသည် သိမ်းဆည်းမှုကို လွယ်ကူစေသည့်အပြင် အကျိုးရှိအောင်ပြန်လည် အသုံးပြုနိုင်ပုံများနှင့် အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်၊ ဘေးအန္တရာယ်ရှိအမှိုက်ဟူ၍ အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်တတ်စေရန် ပညာပေး ဟောပြောဆွေးနွေးခဲ့ကြပြီး ဝန်ထမ်းများ၊ ဈေးသူ/ဈေးသားများနှင့် ဒေသခံပြည်သူများအား စွန့်ပစ်အမှိုက်ခွဲခြားစွန့်ပစ်မှုကို သရုပ်ပြသစွန့်ပစ် စေရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန် ရှိသူများသည် အဆိုပါဈေးများအတွင်း ဈေးသူ/ ဈေးသားများနှင့် ဒေသခံပြည်သူများ၏ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ဥအမျိုးမျိုး၊ အဝတ်အထည် အစရှိသော လူသုံးကုန်ပစ္စည်းများနှင့် စားသောက် ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**





**ကျုံပျော်**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ကျုံပျော်မြို့အထက(၁)နှင့် အမှတ်(၂) အခြေခံပညာနှင့် စက်၊ စိုက်၊ မွေး အထက်တန်းကျောင်းတို့တွင် အမှိုက်များ စနစ်တကျ ခွဲခြားစွန့်ပစ်ရေး အသိပညာပေးခြင်းနှင့် သရုပ်ပြခြင်းကို ဇွန် ၁၈ ရက် နံနက်ပိုင်းက ဆောင်ရွက်ရာ ကျုံပျော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်း နှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေး ကြည့်ရှုကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်သန်းဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်စန္ဒာအေးတို့က အမှိုက်ခွဲခြားစွန့်ပစ်မှုအကြောင်း သိကောင်း စရာများကို ရှင်းလင်းပြောကြားပြီး စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူမှုရေးအသင်း အဖွဲ့များက အမှိုက်စို၊ အမှိုက်ခြောက်၊ ဘေးအန္တရာယ်ရှိအမှိုက်၊ ပလတ်စတစ်အမှိုက် စသည့်အမှိုက်လေးမျိုး ခွဲခြားစွန့်ပစ်ခြင်းကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

**ပုသိမ်**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးတွင် ပုသိမ်မြို့အတွင်းရှိ တည်းခို ခန်းနှင့် စားသောက်ဆိုင် လုပ်ငန်း ရှင်များအား အမှိုက်ခွဲခြားစွန့်ပစ် သည့်စနစ် အကောင်အထည်ဖော် ဆောင်ရွက်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့ သရုပ်ပြသခြင်းကို ဇွန် ၁၈ ရက် ညနေပိုင်းက ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် လက် ထောက်ညွှန်ကြားရေးမှူး ဦးသိန်း လွင်က အမှိုက်ခွဲခြားစွန့်ပစ်သည့် စနစ် ဆောင်ရွက်ရေးအတွက် ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအား အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင် များဖြန့်ဝေခြင်း၊ အမှိုက်ပုံးခွဲခြား ထားရှိခြင်းများ ဆောင်ရွက်လျက် ရှိကြောင်း၊ အပတ်စဉ် တနင်္ဂနွေ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များကို ပလတ်စတစ်လျှော့ချရေးနေ့ အဖြစ် သတ်မှတ်၍ ပလတ်စတစ် အစားထိုးပစ္စည်းများသုံးစွဲရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အမှိုက်စို၊ အမှိုက်ခြောက်၊ ဘေးအန္တရာယ်ရှိအမှိုက်နှင့် ပလတ်စတစ်အမှိုက်များကို အရောင်များခွဲခြား၍ စနစ်တကျ စွန့်ပစ်ပြီး မြို့သန့်ရှင်းသာယာ လှပရေးအတွက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် ဟောပြော ပြီး အမှိုက်များစွန့်ပစ်ခြင်းကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရ သည်။ **ခရိုင်(ပြန်/ဆက်)**



**ပေါက်ခေါင်း**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ဇွန် ၁၇ ရက် နံနက်ပိုင်း က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထက(ပေါက်ခေါင်း)နှင့် မြို့မဈေးတို့၌ အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေး



သရုပ်ပြပွဲများ ကျင်းပသည်။

ဦးစွာ ပြည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူက အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို အသိပညာပေးပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှု ဆောင်အရာရှိ ဦးမင်းအောင်က ဌာနဆိုင်ရာရုံး၊ မြို့မဈေးနှင့်အထက (ပေါက်ခေါင်း)မှ ကျောင်းသား ကျောင်းသူများအား အမှိုက်စို အမှိုက်ခြောက်၊ အန္တရာယ်ရှိသောအမှိုက်နှင့် ပလတ်စတစ်အမှိုက် ဟူ၍ အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်ကြရန် သရုပ်ပြဆွေးနွေး ပြောကြားပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့သည်။ အဆိုပါ အမှိုက်လေးမျိုး ခွဲခြားစွန့်ပစ်ပုံ သရုပ်ပြသနေမှုကို ပေါက်ခေါင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

**သန်းထွန်းအောင် (ပြန်/ဆက်)**

## အောင်လံမြို့၌ E-Cigarette၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**အောင်လံ ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ E-Cigarette၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက အောင်လံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်လံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားခဲ့ပြီး ခရိုင်ဥပဒေအရာရှိ ဒေါ်အေးအေးသွယ်က ဆေးလိပ်၊ ဆေးရွက်ကြီးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးလွင်က နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါများ၊ ဆေးလိပ်ငွေ့အန္တရာယ်ကြောင့်ဖြစ်စေနိုင်သည့် ရောဂါများအကြောင်း ဆွေးနွေးပြီး ကျန်းမာရေးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ် စာစောင်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**




**❍ အာဆီယံမှ**

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တွင် ထိုင်းကို ဂိုးပြတ်အရေးနိမ့်ပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည့် အပြင် တတိယလုပွဲတွင်လည်း အင်ဒိုနီးရှားကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အရေးနိမ့်ပြီး တတိယ ဆုနှင့်ပါ လွဲချော်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းသည် သာမန်ပွဲကစားချိန် မိနစ် ၉၀ တွင် ဂိုးမရှိသရေကျနေရာ အချိန်ပိုမကစားဘဲ ပင်နယ်တီဖြင့် တိုက်ရိုက်ဆုံးဖြတ်ရာ အင်ဒိုနီးရှား အသင်းက ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။

မြန်မာအသင်းသည် မတူညီသည့် ပွဲထွက် လူစာရင်းဖြင့် ယှဉ်ပြိုင်ခဲ့ပြီး လှလှထွေး (ဂိုး)၊ မင်းမင်းနု၊ သီရိနန္ဒာစိုး၊ ယုယုနိုင်၊ နိုင်နိုင်ဝင်း၊ ဝင်းစန္ဒာ၊ စုစုခင်၊ ယဉ်လွန်းအိမ်၊ စန္ဒာလင်း၊ ဒေစီအောင်၊ အေးအေးစိုးတို့ကို အသုံးပြုခဲ့သည်။ နှစ်သင်းစလုံး ဂိုးရနိုင်သည့်အခွင့်အရေးများရသော်လည်း အသုံးမချ နိုင်သဖြင့် ဂိုးမရဘဲ ပင်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ရ ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ လေးကြိမ်တွင် တတိယနှစ်ကြိမ်၊ စတုတ္ထနှစ်ကြိမ် ရရှိခဲ့သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MFF**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တောင်ငူမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုအားပေး

**တောင်ငူ ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက တောင်ငူမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်ငူမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းပတ်ဝန်းကျင် အမှိုက်ကင်းစင်ရေးနှင့် စနစ်တကျအမှိုက်ခွဲခြားစွန့်ပစ်တတ်သည့် အလေ့အထကောင်းများ ပေါ်ပေါက်လာစေရေးအတွက် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် သရုပ်ပြပွဲအခမ်းအနားကို သွားရောက်၍ ကျောင်းသား ကျောင်းသူများ အမှိုက်စို၊ အမှိုက်ခြောက်၊ အန္တရာယ်ရှိသောအမှိုက်နှင့် ပလတ်စတစ်အမှိုက်ဟူ၍ ခွဲခြားစွန့်ပစ်သရုပ်ပြသနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ ချီးမြှင့်ပေးအပ်ခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် တောင်ငူမြို့၌ ဖွင့်လှစ်ပေးထားသည့် MSMEs ဒေသထွက်ကုန်အရောင်းစင်တာကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မူရင်းဈေးနှုန်းအတိုင်း အမယ်စုံရောင်းချသွားရန်နှင့် MSMEs အမယ်သစ်များ ဖော်ထုတ်၍ ဈေးကွက်ရရှိစေရေး ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ကံရိုးကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးအောင်ကျော်စိုး၏ နို့စားကျွဲကောင်ရေ ၃၀၊ နို့စားနွား ၁၀ ကောင်နှင့် ဒေသနွား ၁၀ကောင် မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ဒေသထွက်စွန့်ပစ်ပစ္စည်းများဖြင့် တိရစ္ဆာန်မွေးမြူရေးအစားအစာထုတ်လုပ်သွားရန်၊ ထွက်ရှိလာသည့် နို့များကို ကုန်ကြမ်းအဖြစ် မရောင်းချဘဲ၊ မလိုင်ခဲ၊ ဒိန်ချဉ်၊ နို့စိမ်း၊ နို့ဆီ အစရှိသည့် ကုန်ချောနို့ထွက်ပစ္စည်းမျိုးစုံထုတ်လုပ်ရောင်းချရန်နှင့် ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာအုပ်စုရှိ ဦးစန်းဦး၏ မိုးစပါးစိုက်ကေများ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေး ပေါင်းလိုက်ခြင်း၊ တမန်းနှိုးခြင်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ ရောစပ်ကြဲပက်ခြင်း သရုပ်ပြပွဲသို့ သွားရောက်ကြည့်ရှုအားပေးသည်။ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ သီးထပ်စွမ်းအားတိုးတက်စေရေးအတွက် ကြိုတင်ပျိုးထောင်စိုက်ပျိုးနည်းစနစ်ကို မဖြစ်မနေအသုံးပြုသွားရန် အသိပညာပေး ရှင်းလင်းပြောကြားပြီး ဒေသခံမိုးစပါးစိုက်တောင်သူများအတွက် သွင်းအားစုများ ချီးမြှင့်ပေးအပ်ခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဆိုချီရှိ Russia Ethnopark ၌ ကြည့်ရှုလေ့လာ

**နေပြည်တော် ဇွန် ၁၈**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ရုရှား တောင်ပိုင်း ဆိုချီမြို့တွင် ကမ္ဘာလုံးဆိုင်ရာ ဇီဝလုံခြုံမှုဆိုင်ရာ စိန်ခေါ်မှုများ၊ ပြဿနာများနှင့် ဖြေရှင်းချက်များဆိုင်ရာ နိုင်ငံတကာသိပ္ပံနှင့် လက်တွေ့ကျသော ပဉ္စမအကြိမ်မြောက် ညီလာခံကို တက်ရောက်ခဲ့ပြီး ဇွန် ၁၁ ရက် ညနေပိုင်းတွင် အခြားသော နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ My Russia Ethnopark ၌ ကြည့်ရှုလေ့လာသည်။

ဒုတိယဝန်ကြီးသည် ကော့ကေးဆပ်ပြခန်းတွင် အိုဆက်တီးယန်းရိုးရာမျှော်စင်များ၏ ထူးခြားသောလက္ခဏာများနှင့် ရုရှားရိုးရာလက်မှုပညာများဆိုင်ရာ ပြကွက်၊ Suzdal-ဗဟိုရုရှားဘုရားကျောင်းပြကွက်၊ စူဇ်ဒယ်မြို့ပြခန်း၊ ၁၆ ရာစု နည်းပညာသုံး ဖယောင်းတိုင်လုပ်ငန်းစဉ်များကို ပြသပေးထားသော Candle House Pavilion၊ ရုရှားအလယ်ပိုင်း Etnodvor ရှိ ရိုးရာလေးမြား ပညာဆိုင်ရာပြကွက်၊ Krasnodar Territory ဒေသရှိ ကျေးရွာများဆိုင်ရာ ပြကွက်၊ မော်စကိုပြခန်းတွင် ကရင်မလင် နန်းတော်ဆိုင်ရာ ပြကွက်၊ ရုရှားမြောက်ပိုင်း ပြခန်းတွင် သစ်သားဗိသုကာ လက်ရာဆိုင်ရာပြကွက်၊ စိန့်ပီတာစဘတ်ပြခန်းရှိ အဆောက်အအုံများဆိုင်ရာပြကွက်၊ ကာဇန် Kremlin ပြခန်း၊ ဥရောလ်ပြခန်းရှိ Demidov စက်ရုံများမှ ဥရာလ်သတ္တုများပြကွက်၊ ဆိုက်ဘီးရီးယားပြခန်းရှိ သစ်သားခံတပ်ငယ်လေးများနှင့် "Stone Heart of the Urals" ပြကွက်တွင် မီဆိုဇိုးအိုက်ကာလမှ Chelyabinsk ဥက္ကာခဲအထိ ရှားပါးသတ္တုများ၊ ကျောက်ဖြင့် ပြုလုပ်ထားသော လက်ရာများ၊ ဘူရေးရှား ဗုဒ္ဓဘုရားကျောင်းရှိ ဗုဒ္ဓဘာသာယဉ်ကျေးမှု အမွေအနှစ်များဆိုင်ရာ ပြကွက်များနှင့် ဗဟိုရင်ပြင်ရှိ ပြကွက်များကို ကြည့်ရှုလေ့လာသည်။

အဆိုပါပန်းခြံသည် နယ်မြေအကျယ်အဝန်း ဟက်တာ ၃ ဒသမ ၃ ပေါ်တွင် ရုရှားရိုးရာယဉ်ကျေးမှုနှင့် လူမျိုးစုဗဟိုဌာနဆိုင်ရာ လေ့လာရေးအတွက် လမ်းလျှောက်သီးသန့်ဇုန် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယနေ့နံနက် ၁၀ နာရီက ညောင်ပင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။



ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအေးကျော်က မှတ်ပုံတင်ကတ်ရရှိသူများအား ဂဏန်း ၁၀ လုံးပါဝင်သည့် UID ကတ်များ ပြုလုပ်ပေးနိုင်ရေး ဇီဝဆိုင်ရာအချက်အလက်များ စိစစ်ကောက်ယူ၍ UID နံပါတ်ထုတ်ပေးခြင်းကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပညာပေး ပြောကြားသည်။

ပန်းခင်းစီမံချက်ဖြင့် ထုတ်ပေးခဲ့သော အိမ်ထောင်စုလူဦးရေစာရင်း ၃၁ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၈၅ ကတ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးကျော်မိုးကြည်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသူနှင့် မြို့နယ်လဝကဦးစီးမှူး ဦးအေးကျော်တို့က ပြည်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဖြိုးစန္ဒာ(ပြန်/ဆက်)**

# ညောင်လေးပင်မြို့နယ်၌ သမဝါယမအသင်းသားတောင်သူများအား ပညာပေးဆွေးနွေးပွဲပြုလုပ်

**ညောင်လေးပင် ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ သမဝါယမအသင်းသား တောင်သူများအား ပညာပေးဆွေးနွေးပွဲကို ရဲနွယ်စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းရုံး၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက ရဲနွယ်စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းပိုင် လယ် ၄၄၉ ဧက၏ မိုးစပါးစိုက်ခင်းများတွင် ခရုနှင့် ပိုးမွှားရောဂါများ ဖျက်ဆီးမှုမရှိစေရေးအတွက် အသိပညာပေး ဆွေးနွေးပွဲပြုလုပ်ရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးက ခရုနှင့် ပိုးမွှားရောဂါများ ဖျက်ဆီးမှုမှ ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးဟောပြောပြီး ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သက်ကြီးပုဂ္ဂိုလ်များသွားတု(အံကပ်) လှူဒါန်းခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရှုခင်းသာလမ်းမပေါ်ရှိ သွားနှင့် ခံတွင်းအထူးကုဆေးရုံတွင် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ သက်ကြီးပုဂ္ဂိုလ်များအား သွားတု(အံကပ်) လှူဒါန်းခြင်းအခမ်းအနားကို ဇွန် ၁၈ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က သွားတု(အံကပ်)ပြုလုပ်ရန်အတွက် ကုန်ကျငွေကျပ် ၄၁၁၇၉၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

သက်ကြီးပုဂ္ဂိုလ်များ သွားအံကပ်တပ်ဆင်ခြင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် စတင်၍ သွားအံကပ်တပ်ဆင်ရန်လိုအပ်သည့် အသက် ၆၉ နှစ်မှ ၇၅ နှစ်အတွင်းရှိ သွားဆုံးရှုံးမှုအများဆုံး အဘိုးအဘွား ၄၄ ဦးအား သွားအံကပ်တပ်ဆင်ခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဇွန် ၃ ရက်တွင် ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ် သွားနှင့် ခံတွင်းအထူးကုဆေးရုံ၌ သက်ကြီးရွယ်အိုများအား သွားကျန်းမာရေးစစ်ဆေးကုသမှုပြုလုပ်ရန်ရှိသည့် ၃၂ ဦးအနက် ၂၅ ဦးအား သွားကျန်းမာရေးစစ်ဆေးမှုပြုလုပ်ပေးခဲ့သည်။ ထို့ပြင် ဗိုလ်တထောင်ခရိုင်၊ သဃ်္ဃန်းကျွန်းခရိုင်၊ ဒဂုံမြို့သစ်ခရိုင်၊ တိုက်ကြီးခရိုင်၊ အလုံခရိုင်တို့မှ သက်ကြီးရွယ်အို ၂၅ ဦးအား ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့်အဖွဲ့ဝင်များက သွားတု(အံကပ်) တပ်ဆင်ပေးပြီး မုန့်နှင့်အချိုရည်များ ထောက်ပံ့ခဲ့သည်။

ဆက်လက်ပြီး လာမည့်ဇူလိုင်လတွင်လည်း သွားအံကပ်တပ်ဆင်ရန်ကျန်ရှိသည့် ကမာရွတ်ခရိုင်၊ အင်းစိန်ခရိုင်၊ တိုက်ကြီးခရိုင်တို့မှ သက်ကြီးရွယ်အို ၃၃ ဦးအား အံကပ်များ ဆက်လက်တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်ဝင်း(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# အမေရိကန်နိုင်ငံအတွင်း၌ တစ်တော့ခ်သုံးစွဲမှုကာလကို တတိယအကြိမ် တိုးမြှင့်ပေး

**ဝါရှင်တန် ဇွန် ၁၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည်အမေရိကန်နိုင်ငံအတွင်း၌ တစ်တော့ခ်သုံးစွဲမှုကာလကို တတိယအကြိမ် တိုးမြှင့်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံအတွင်း တစ်တော့ခ်အက်ပလီကေးရှင်း သုံးစွဲမှုကို ရပ်ဆိုင်းရန် ByteDance ကုမ္ပဏီ၏ နောက်ဆုံးသတ်မှတ်ရက်ကို သက်တမ်းတိုးရွှေ့ဆိုင်းပေးမည်ဖြစ်ပြီး အမေရိကန်တွင် ဆက်လက်လည်ပတ်နိုင်စေရန် ခွင့်ပြုပေးမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါသက်တမ်းတိုးမှုသည် ရက်ပေါင်း ၉၀ ကြာမြင့်မည်ဖြစ်ပြီး အမေရိကန်ပြည်သူများသည် ဒေတာအချက်အလက်များကို လုံခြုံစိတ်ချမှုဖြင့် တစ်တော့ခ်ကို ဆက်လက်သုံးစွဲနိုင်စေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုသက်တမ်းတိုးမြှင့်မှုသည် ဇန်နဝါရီလတွင် ဒေါ်နယ်ထရမ့် သမ္မတရာထူးတာဝန်ယူပြီးနောက် တတိယအကြိမ်သက်တမ်းတိုးခြင်းဖြစ်သည်။




တစ်တော့ခ်သုံးစွဲမှုကို ၇၅ ရက်ကြာခွင့်ပြုပြီးနောက် ပိတ်ပင်မည့်အမိန့်တစ်ရပ်ကို ကနဦးတွင် လက်မှတ်ရေးထိုးခဲ့ပြီး ဧပြီလတွင် နောက်ထပ် ၇၅ ရက်သက်တမ်းတိုးခွင့်ကို ခွင့်ပြုခဲ့သည်။ နောက်ဆုံးသက်တမ်းတိုးမှုသည် ဇွန် ၁၉ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ထရမ့်သည် ၎င်း၏ပထမသက်တမ်းတွင် ByteDance ကုမ္ပဏီ၏ အမေရိကန်၌ လည်ပတ်လျက်ရှိသည့် လုပ်ငန်းဆောင်ရွက်မှုများကို အမေရိကန်ကုမ္ပဏီတစ်ခုသို့ မရောင်းချပါက အမေရိကန်တွင် တစ်တော့ခ်အက်ပလီကေးရှင်းကို ထိရောက်စွာ တားမြစ်ရန် ကြိုးပမ်းသည့်အမိန့်ကို လက်မှတ်ရေးထိုးခဲ့သည်။ သို့သော် အဆိုပါအမိန့်သည် အသက်ဝင်ခဲ့ခြင်းမရှိပေ။

သမ္မတဟောင်း ဂျိုးဘိုင်ဒင်သည် တစ်တော့ခ်ကို ရောင်းချ ရန် ByteDance ကုမ္ပဏီအား ရက်ပေါင်း ၂၇၀ အချိန်ပေးသည့် ဥပဒေတစ်ရပ်ကို ၂၀၂၄ ခုနှစ် ဧပြီလတွင် လက်မှတ်ရေးထိုးခဲ့သည်။ ဥပဒေအရ လိုက်နာရန် ပျက်ကွက်ပါက အက်ပဲနှင့် ဂူဂဲကဲ့သို့သော အက်ပ်စတိုးအော်ပရေတာများသည် ယခုနှစ် ဇန်နဝါရီ ၁၉ ရက် မှစ၍ ၎င်းတို့၏ပလက်ဖောင်းများမှ တစ်တော့ခ်ကို ဖယ်ရှားရမည်ဖြစ်သည်။

သို့သော် သမ္မတ ဒေါ်နယ်ထရမ့်သည် ၎င်း၏ ဒုတိယသက်တမ်းအတွက် ရာထူးတာဝန်များမထမ်းဆောင်မီ တစ်ရက်အလို ဇန်နဝါရီ ၁၉ ရက်တွင် တစ်တော့ခ်အား သုံးစွဲခွင့်ကို ပြန်လည်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အင်ဒိုနီးရှားနိုင်ငံ၌ မီးတောင်ပေါက်ကွဲမှုကြောင့် ဘာလီအပန်းဖြေကျွန်းသို့ အသွားအပြန် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့ရ

**ဂျကာတာ ဇွန် ၁၈**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် မီးတောင်ပေါက်ကွဲမှုကြောင့် ဘာလီအပန်းဖြေကျွန်းသို့ အသွားအပြန် လေယာဉ်ခရီးစဉ်များကို ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

ဒေသဆိုင်ရာ အာဏာပိုင်များက သတိပေးချက်အခြေအနေကို အမြင့်ဆုံးအဆင့်သို့ သတ်မှတ်ခဲ့ပြီး မြစ်များအတွင်းသို့ မီးတောင်မှ နွံများ စီးဆင်းမှု အန္တရာယ်ကို သတိပေးထားသည်။

ဖလော်ရီစ် ကျွန်းပေါ်ရှိ လီဝိုတိုဘီ လာကီ-လာကီ မီးတောင်သည် ဇွန် ၁၇ ရက်တွင် ပေါက်ကွဲခဲ့ပြီး မီးခိုးပြာများ ၁၀ ကီလိုမီတာ အမြင့်သို့ လွင့်စင်ပျံတက်သွားကြောင်း အင်ဒိုနီးရှား မီးတောင် စောင့်ကြည့်ရေး အေဂျင်စီက ပြောကြားသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် အနီးနားရှိ ရွာနှစ်ရွာမှဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။



မီးတောင်ပေါက်ကွဲမှုကြောင့် အသေအပျောက်မရှိသော်လည်း လမ်းများတွင် ပြာများနှင့် ကျောက်စရစ် အမြောက်အမြား ဖုံးလွှမ်းထားသည်။

အိမ်ရှေ့မြက်ခင်းပြင်တွင် မီးခိုးပြာများနှင့် ကျောက်ခဲများ မိုးရွာသကဲ့သို့ ကျလာကြောင်း အသက် ၃၄ နှစ်အရွယ်အမျိုးသမီးတစ်ဦးက မီးတောင်ပေါက်ကွဲမှု အတွေ့အကြုံကို ပြန်လည်ပြောကြားသည်။

ဘာလီလေဆိပ်သို့ အသွားအပြန် ပြည်တွင်းပြည်ပ ခရီးစဉ် ၃၀ ကျော်ကို ဖျက်သိမ်းခဲ့ကြောင်း လေဆိပ်အော်ပရေတာ၏ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါလေကြောင်း ခရီးစဉ်များတွင် စင်ကာပူ၊ ဩစတြေးလျနှင့် အိန္ဒိယတို့မှ အများအပြား ပါဝင်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**




# ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ နိုင်ငံတကာစီးပွားရေးဖိုရမ် ယနေ့စတင်ဖွင့်လှစ်

**မော်စကို ဇွန် ၁၈**

ရုရှားအစိုးရသည် စိန့်ပီတာစဘတ်မြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် နိုင်ငံတကာစီးပွားရေးဖိုရမ်ကို ယနေ့စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယင်းဖိုရမ်ကို လေးရက်ခန့်ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၁၄၀ မှ စီးပွားရေးခေါင်းဆောင်များနှင့် အစိုးရအရာရှိများ တက်ရောက်ကြသည်။ စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ်သို့ တက်ရောက်သူများသည် တရုတ်၊ အိန္ဒိယနှင့် အရှေ့တောင်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် တောင်အမေရိကနိုင်ငံတို့ ဖြစ်ကြသည်။

ဇွန် ၁၈ ရက်တွင် ဖိုရမ်သို့တက်ရောက်သူများသည် ရုရှားနှင့် နိုင်ငံတကာမှ ထုတ်ကုန်များအကြောင်းကို ဆွေးနွေးပြီး ထွန်းသစ်စနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ပါဝင်သော BRICS မူဘောင်၏ အရေးပါမှုကို အလေးပေးပြောကြားကြောင်း သိရသည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်သည် စီးပွားရေးဖိုရမ်၌ ဇွန် ၁၉ ရက်တွင် မိန့်ခွန်းပြောကြားဖွယ်ရှိကြောင်း သိရသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ ဒေသအများအပြားတွင် အပူချိန်မြင့်တက်

**တိုကျို ဇွန် ၁၈**

ဂျပန်နိုင်ငံ ဒေသအများအပြားတွင် အပူလှိုင်း မြင့်တက်သည့်အတွက် အပူကြောင့်လေဖြတ်ခြင်းမဖြစ်စေရေး တာဝန်ရှိသူများက နိုင်ငံသားများအား သတိပေးပြောကြားသည်။

ဇွန် ၁၈ ရက်တွင် နိုင်ငံအလယ်ပိုင်း ကိုဖူမြို့၌ နေ့အပူချိန် ၃၈ ဒသမ ၂ ဒီဂရီ ဆဲလ်စီးယပ်၊ တာကာဆာကီမြို့၌ ၃၇ ဒသမ ၇ ဒီဂရီ ဆဲလ်စီးယပ်နှင့် ရှီဇူအိုကာမြို့၌ ၃၇ ဒသမ ၆ ဒီဂရီ ဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့သည်။ ထို့ပြင် နာဂိုယာနှင့် ဂီဖူမြို့တွင် ၃၇ ဒီဂရီ ဆဲလ်စီးယပ်နှင့် ကျိုတို၊ ကိုဖူနှင့် ကူမာဂါရာမြို့တို့တွင် ၃၆ ဒီဂရီ ဆဲလ်စီးယပ် အသီးသီးရှိခဲ့သည်။

ယမန်နေ့ကလည်း နိုင်ငံအတွင်းရှိ ဒေသများတွင် နေ့အပူချိန်များမြင့်တက်ခဲ့ရာ ကိုဖူမြို့တွင် ၃၈ ဒသမ ၂ ဒီဂရီ ဆဲလ်စီးယပ်၊ တာကာဆာကီမြို့တွင် ၃၇ ဒသမ ၇ ဒီဂရီ ဆဲလ်စီးယပ်နှင့် ရှီဇူအိုကာမြို့တွင် ၃၇ ဒသမ ၆ ဒီဂရီ ဆဲလ်စီးယပ် အသီးသီးရှိခဲ့သည်။

**တိုက်တွန်းပြောကြား**

ရာမာနာရှီ၊ အိုက်ချီ၊ မိုင်၊ ဝါကာယာမာနှင့် ဖူကူအိုကာ စီရင်စုများတွင် အပူကြောင့် လေဖြတ်ခြင်းဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ခဲ့ပြီးနောက် အပူချိန်မြင့်တက်မှုကြောင့် ဒေသခံအချို့ဆေးရုံတက်ရောက်ခဲ့ရပြီး သေဆုံးမှုများရှိခဲ့သည်။ အပူဒဏ်သက်သာစေရေးအတွက် လေအေးပေးစက်များသုံးစွဲရန်နှင့် ရေဓာတ်လျော့နည်းမှုမရှိစေရေးအတွက် ရေများများသောက်သုံးရန် တာဝန်ရှိသူများက တိုက်တွန်းပြောကြားသည်။

ဂျပန်နိုင်ငံ၏ အရှေ့ပိုင်းတွင်မူ မိုးသည်းထန်စွာ ရွာသွန်းခြင်းမှတစ်ဆင့် မြေပြိုမှု၊ မြစ်ရေကြီးမှုနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

# လာအိုသားဖွားသူနာပြုများ မိခင်နှင့် ကလေးစောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းရွက်ခဲ့ဟု အစိုးရပြောကြား

**ဗီယင်ကျန်း ဇွန် ၁၈**

လာအိုနိုင်ငံရှိ သားဖွားသူနာပြုများသည် နိုင်ငံအတွင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းရွက်သူများဖြစ်ကြောင်း လာအိုအစိုးရက ချီးကျူးဂုဏ်ပြုခဲ့သည်။

သားဖွားသူနာပြုများသည် မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ အသက်သွေးကြောများ ဖြစ်သောကြောင့် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံအတွင်းရှိ ကျေးလက်နှင့် တောင်တန်းဒေသများရှိ ကျန်းမာရေးဌာနတိုင်း၌ သားဖွားသူနာပြု တစ်ဦးစီ တာဝန်ပေးအပ်နိုင်ရေး ရည်မှန်းချက်ထားရှိဆောင်ရွက်မည်ဖြစ်ကြောင်း ဗီယင်ကျန်းမြို့တော်၌ ကျင်းပသည့် နိုင်ငံတကာ သားဖွားသူနာပြုနေ့ အခမ်းအနားတွင် လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အက်ဖုန်း ဗီဆာသပ်ကပြောကြားသည်။

အဆိုပါအခမ်းအနားသို့ အစိုးရ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြောင်း လာအိုသတင်းအေဂျင်စီက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အမျိုးသမီးများကို တရုတ်ယောက်ျားယူရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၁၈**

အမျိုးသမီးများကို တရုတ်ယောက်ျားယူရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၂၀ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရှမ်းပြည်နယ် နမ္မတူမြို့နေ မ-----/ ၁၇/၂၀၂၅ နှစ် နှင့် မ-----/ ၁၆/၂၀၂၅ နှစ်တို့ နှစ်ဦးသည် ၂၀၂၃ ခုနှစ် (ရက်/လ) မမှတ်မိတွင် မူဆယ်မြို့ ဂိမ်းဆိုင်တွင် အလုပ်လုပ်ကိုင်နေစဉ် မဆိုင်ဟွမ်နှင့် ယခင်က လားရှိုးမြို့ Spa ဆိုင်၌ အလုပ်အတူလုပ်ကိုင်ခဲ့သူ မခမ်းလင်းမှ Tik Tok @User 217194 7360280 အကောင့်ဖြင့် ဆက်သွယ်၍ တရုတ်ကောင်မလေး လုပ်ရမည်၊ ယွမ် ၃၅၀၀၀ ရရှိမည်၊ မပျော်ပါက ပြန်ခေါ်ပေးမည်ဟု စည်းရုံးကာ မခမ်းလင်းမှ စိုင်းခမ်းကော်နှင့်ဇနီး မနန်းယွမ်းယာတို့ထံ ချိတ်ဆက်ပေးခဲ့ပြီး အဆိုပါလင်မယားမှ တရုတ်နိုင်ငံနေသူ မအေနန်းထံ ၎င်းတို့နှစ်ဦး၏ ဓာတ်ပုံရိုက်ယူ၍ ပို့ဆောင်ပေးခဲ့ကြောင်း စိုင်းခမ်းကော်မှ ၎င်းတို့နှစ်ဦးအား မူဆယ်-သိန္နီ-နမ့်တစ်သို့ ကားအဆင့်ဆင့်ဖြင့် ခေါ်ဆောင်ကာ အမည်မသိတည်းခိုခန်းသို့ ပို့ဆောင်ခဲ့စဉ် ၎င်းအမျိုးသမီးငယ်နှစ်ဦးမှ တရုတ်ယောက်ျားယူရန် ဆန္ဒမရှိတော့၍ မူဆယ်မြို့သို့ ထွက်ပြေးလာခဲ့သဖြင့် စိုင်းခမ်းကော်ပါလေးဦးအား ရဲအုပ် ခိုင်ထူးဗိုလ် မူဆယ်တပ်ဖွဲ့စု(၁၇)မှ တရားလိုပြုလုပ် တိုင်တန်းခဲ့ပြီး မူဆယ် မြို့မရဲစခန်းတွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေဖြင့် အမှုရေးဖွင့် တရားစွဲတင်ပို့ခဲ့သည်။

မူဆယ်ခရိုင်တရားရုံးမှ ဇွန် ၁၆ ရက်တွင် တရားခံ စိုင်းခမ်းကော် ရပ်ကွက်(၆) နောင်ပိန်ရွာ ကျောက်မဲမြို့ ရှမ်းပြည်နယ်နှင့် မနန်းယွမ်းယာ ပုံဟရွာ စလန်းပုန်ထွန်အုပ်စု မိုင်းရယ်မြို့ ရှမ်းပြည်နယ်တို့ နှစ်ဦးအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)ဖြင့် အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ ကျခံစေရန်နှင့် တိမ်းရှောင်တရားခံ မခမ်းလင်း အေးမေတ္တာ ဘုန်းကြီးကျောင်းအနီး အမှတ်(၂)ရပ်ကွက် ကျောက်မဲမြို့ ရှမ်းပြည်နယ်နှင့် မအေနန်း မိန်းတိန်မြို့ တရုတ်နိုင်ငံနေသူတို့နှစ်ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်ကျောက်စိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇွန် ၁၆ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ကုန်လှောင်ရုံ) ၌ လေယာဉ်ခရီးစဉ်အမှတ် 8M-336, SF- 5608, DHL HAWB No. 2186667556 ဖြင့် ဟောင်ကောင်မှ တရားမဝင်တင်သွင်းလာသည့် ကျောက်စိမ်းဟုယူဆရသော လက်ကောက်ကွင်း ၁၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)ကိုလည်းကောင်း၊ ဇွန် ၁၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ MAI Airlines လေယာဉ်ခရီးစဉ်အမှတ် 8M-365/ SF-5768 ဖြင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် မြန်မာနိုင်ငံသား ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၁၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ တလိုင်းစုရပ်ကွက် တလိုင်းစု (၃)လမ်း အိမ်အမှတ် (၄)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၃၀၀၀၀) ကိုလည်းကောင်း၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဦးအောင်ဇေယျ (၃)လမ်းရှိ ကမ်းနားဆိပ်၌စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၈၁၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၂၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၈၁၀၀၀)နှင့်



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သိမ်းဆည်းရမိမှု။

အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး)စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ကလေးမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၁၅၅၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hilux Surf တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၅၉၆၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇွန် ၁၇ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ၁၅ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၆၃ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၅၈၆၅၀၀)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၆-၂၀၂၅ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ မောရ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ လုပစ္စာပုံဖော်ထုဆစ်ထားသလ္လာမြေမှ သဘာဝတွင်းထွက်ကျောက်အလှဆင်ပစ္စည်းများ
- ၀၉:၁၀ NRC အစီအစဉ်
- ၁၀:၃၅ မြန်မာ့ရှေးဟောင်းပေ၊ ပရပိုက်အကြောင်းသိမှတ်ဖွယ်ရာများ
- ၁၁:၄၀ NEXT LEVEL
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၄၀)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လှူစွမ်းကောင်းများခေတ်' (အပိုင်း-၃၀)
- ၁၅:၀၀ မျိုးဝုဏ်တင့်စေဆိုကရေးတီးအငွေ
- ၁၆:၄၅ ကျန်းမာရေးနှင့်ကိုက်ညီစားသုံးဆီနေကြာဆီ
- ၁၇:၁၀ Soccer View
- ၁၇:၂၅ လူမှုစီးပွားသတင်းများ
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'ငေါင်' (အပိုင်း-၁၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ်အစီအစဉ် The Great Wall (သမိုင်းဝင်ယဉ်ကျေးမှု) (အပိုင်း-၇)
- ၂၂:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လှူစွမ်းကောင်းများခေတ်' (အပိုင်း-၃၉)

### mitv

- 07:01 Evergreen Classic: Myat Hsu Mon
- 07:05 Sri Ksetra, Field of Fortune & Glory (Part-2)
- 07:25 The Civil Twilight - 2
- 07:39 Centenary of Yangon University: International Relations Dept. (Part 2)
- 08:01 News
- 08:26 Asia Updates; Tsunami Observation
- 08:42 Exploring Hainan; Travel and Culture
- 09:01 The Art of Taxidermy: U Myo Naing
- 09:12 Three Beautiful Islands
- 09:32 The Mandolinist
- 10:01 News

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက (မွန်)
- ၀၆:၄၅ မြန်မာသံစဉ်တေးများ
- ၀၇:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၂၀)
- ၀၇:၄၅ စတီရီယိုတေးများ
- ၀၈:၀၅ ဆိုကရေးတီးဆုရ (ဒိုးပတ်အတီးပြိုင်ပွဲ၊ တစ်ဦးချင်းအကပြိုင်ပွဲ၊ ကဗျာလွတ်ယိမ်း)
- ၀၉:၀၀ ကာတွန်း 'ပိုးကောင်းကြီးဥယျာဉ်စွန့်စားခန်း' (အပိုင်း-၂၃)
- ၀၉:၂၀ စတီရီယိုတေးများ
- ၀၉:၃၅ မြန်မာရုပ်ရှင် 'မြူမှုန်း' 'စကားပြောသောအသည်းနှလုံး'

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
သဘာဝဖြစ်တည်တောင်ကွဲအလှရှိရာငွေတောင်ပြည်

**စကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သံပရာသီးနှင့်ကျန်းမာရေး

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်ရိုးရာဝက်သားနှင့်မျှစ်ပက်ထုပ်ပေါင်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၂)

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
နော်ဘူဘောဆုတောင်းတောင်သို့အလည်တစ်ခေါက်

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၄)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ထန်းပင်ပေါ်ကတို့ဖေဖေ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ထူးဆန်းဖွယ်ရာရခိုင်မလေ့ရှေးရိုးရာ (ရခိုင်ချိန်ခွင်)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ခြင်ဆေးခွေနှင့်ကျန်းမာရေး

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
လူငယ်နှင့်လူ့ပတ်ဝန်းကျင် (အပိုင်း-၄)

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ဆိုင်းလတ်(Maka)နှင့်ခဏတာ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၈:၄၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၄၅ ကလပ်ကမ္ဘာ့ဖလားမှာစောင့်ကြည့်ရမယ့်ကစားသမားများ
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသောနိုင်ငံများအကြောင်း သိကောင်းစရာများ 'အစ္စရေးနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကာကွယ်ခုခံပိုင်ခွင့်ရှိသောအပိုင်းအခြား'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသောနိုင်ငံများအကြောင်း သိကောင်းစရာများ
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အာဝရိကနိုင်ငံ' (အပိုင်း-၁)
- ၁၁:၀၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၈၃)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ တောင်သူ့ဘဝမြှင့်တင်ဖို့စနစ်ကျလယ်မြေဖော်ထုတ်ကြပါစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၂၀ How Texas Farmers Use 127 Million Acres of Farmland - American Farming Documentary
- ၁၉:၀၀ The Flood
- ၂၀:၀၀ အချေအတင်(ဇာတ်လမ်း)
- ၂၂:၀၀ Holidate (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Weekly Soccer Preview
- ၁၇:၀၀ အားကစားသတင်း
- ၂၀:၀၀ FIFA MFF U-19 Youth League (Replay) (Royal Noka Vs JV)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## အယ်ဒီတာ့ထံပေးစာ

# ပညာရေးလောကလုံခြုံအေးချမ်းရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးစေလို

လတ်တလောပြည်တွင်းမှာ ဖြစ်ပေါ်နေတဲ့ ပညာရေးလောကအပေါ် ခြိမ်းခြောက်နှောင့်ယှက်မှုတွေနဲ့ ပညာရေးဝန်ထမ်း ကျောင်းဆရာ ဆရာမတွေကို ဖမ်းဆီးသတ်ဖြတ်မှုတွေ ပိုမိုများပြားလာတာ၊ ပညာရေးလောကကို အဓိကပစ်မှတ်ထားပြီး အကြမ်းဖက်မှုတွေ မြင့်တက်လာနဲ့ပတ်သက်လို့ အယ်ဒီတာ့ထံပေးစာကဏ္ဍကနေ တစ်ဆင့် တင်ပြလိုပါတယ်ရှင့်။

ပညာသင်ယူခွင့်ဆိုတာ လူတိုင်းရရှိရမယ့် အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၆၊ စာပိုဒ်ခွဲ(၁)မှာ **“လူတိုင်းတွင် ပညာသင်ယူခွင့်ရှိသည်။ ပညာသင်ကြားရေးသည် အနည်းဆုံး မူလတန်းနှင့် အခြေခံအဆင့်တို့တွင် အခမဲ့ဖြစ်ရမည်။ မူလတန်းပညာသည် မသင်မနေရဖြစ်ရမည်။ စက်မှုလက်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာများကို လူအများသင်ယူနိုင်စေရမည်ဖြစ်ပြီး အဆင့်မြင့်ပညာရေးကို အရည်အချင်းအပေါ်အခြေခံ၍ အားလုံးတန်းတူရည်တူရရှိစေရမည်”**လို့ ပြဋ္ဌာန်းထားပါတယ်။ ပညာသင်ကြားခြင်းနဲ့ သင်ယူခြင်းဆိုတာ လူသားတစ်ဦးအဖြစ် ကိုယ်ရည်ကိုယ်သွေးအပြည့်အဝဖွံ့ဖြိုးစေဖို့၊ လူတစ်ဦးချင်းစီနဲ့ လူ့ဘောင်လောကတစ်ခုလုံး ငြိမ်းချမ်းရေးနဲ့ သာယာဝပြောစေဖို့အတွက် မဖြစ်မနေဆောင်ရွက်ကြရတာဖြစ်ပါတယ်။ အဲဒါကြောင့် မည်သည့်အစိုးရတက်တက်၊ မည်သည့်မူဝါဒကိုချမှတ်သည်ဖြစ်စေ ပညာသင်ကြားပေးခြင်းနဲ့ သင်ယူခြင်းတွေကို အနှောင့်အယှက်ကင်းကင်းနဲ့ ရှင်သန်ဖွံ့ဖြိုးစေဖို့ အားပေးကြရဖို့ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်ခဲ့ပြီးနောက် နိုင်ငံရေးပဋိပက္ခတွေ ဖြစ်ပွားခဲ့တဲ့အချိန်ကနေစလို့ ပညာရေးလောကကို တိုက်ရိုက်ခြိမ်းခြောက်တာတွေ ပေါ်ပေါက်ခဲ့တာပါ။ ယနေ့အချိန်အထိ ကျောင်းဆရာ ဆရာမတွေကို ရန်သူတွေသဖွယ် အကြမ်းဖက်သတ်ဖြတ်မှုတွေကို လုပ်ဆောင်နေကြဆဲဖြစ်ပါတယ်။

လက်နက်ကိုင်ဆောင်ထားတာလည်းမရှိ၊ နိုင်ငံရေးနဲ့လည်း တိုက်ရိုက်မသက်ဆိုင်၊ စစ်ရေးပစ်မှတ်လည်းမဟုတ်တဲ့အပြင် အခြေခံလူ့အခွင့်အရေးဖြစ်တဲ့ လူတိုင်းပညာသင်ယူခွင့်ကို ဖြည့်ဆည်းပေးနေတဲ့ ကျောင်းဆရာ ဆရာမတွေဟာ လုပ်ကြံသတ်ဖြတ်မှုတွေရဲ့ သားကောင်တွေဖြစ်နေရပါတယ်။ ၂၀၂၁ ခုနှစ်ကနေစလို့ ယနေ့အချိန်အထိ ဆရာ ဆရာမ ၈၀ ကျော်ဟာ အကြမ်းဖက်သတ်ဖြတ်မှုတွေကြောင့် အသက်ဆုံးရှုံးခဲ့ရပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်နဲ့ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွေမှာ ဆရာမကြီးတွေ သတ်ဖြတ်ခံရတာ၊ ကျောင်းသား ကျောင်းသူတွေ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုနေကြတဲ့အပေါ် ပြင်းပြင်းထန်ထန်ခြိမ်းခြောက်နှောင့်ယှက်နေတာ၊ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်မှာ ကျောင်းဆရာမတွေနဲ့ ပညာရေးကောလိပ်ကျောင်းသား ကျောင်းသူတွေကိုပါ ရန်ရှာဖမ်းဆီးတာ၊ ကျောင်းတွေဖွင့်လှစ်ပြီး ပညာသင်ကြားနေတာကို ခြိမ်းခြောက်နှောင့်ယှက်တာတွေဟာ အခြေခံလူ့အခွင့်အရေးကို ချိုးဖောက်ကြတာဖြစ်ပါတယ်။

ဒါကြောင့် ပညာရေးလောကနဲ့ ပညာသင်ယူသင်ကြားမှုရပ်ဝန်းကြီးတစ်ခုလုံး အေးချမ်းသာယာရေးအပေါ် နိုင်ငံတော်က ဆောင်ရွက်ပေးနေတာနဲ့အတူ ပြည်သူတစ်ရပ်လုံးကလည်း ဝိုင်းဝန်းစောင့်ရှောက်ပေးကြပါ။ ဆရာ ဆရာမတွေ လုံခြုံစိတ်ချစွာနဲ့ ပညာသင်ကြားပေးနိုင်ဖို့၊ ကျောင်းသား ကျောင်းသူတွေအားလုံး အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူခွင့်ရရှိစေဖို့၊ စာသင်ကျောင်းတွေနဲ့ ကျောင်းပရိဝုဏ်တွေ ထိခိုက်ပျက်စီးမှုတွေကနေ ကင်းဝေးစေဖို့နဲ့ ပညာရေးလောကကို ခုတုံးလုပ်ပြီး နိုင်ငံရေးအမြတ်ထုတ်ဖို့ ကြိုးစားနေကြတဲ့ အကြမ်းဖက်လူသတ်သမားများရန်ကနေ ရှောင်ရှားနိုင်ဖို့အတွက် အကြမ်းဖက်သမားများကို ပြတ်ပြတ်သားသားနှိမ်နင်းပြီး ပူးပေါင်းဖော်ထုတ်ကာကွယ်ပေးကြဖို့ နိုင်ငံတော်နဲ့ ပြည်သူအားလုံးကို ပညာရေးဝန်ထမ်း ဆရာ ဆရာမတွေအားလုံးကိုယ်စား ပညာရေးဝန်ထမ်းတစ်ဦးအနေနဲ့ ပေးစာကဏ္ဍကနေ တင်ပြတောင်းဆိုအပ်ပါတယ်ရှင့်။ **ပညာရေးဝန်ထမ်းတစ်ဦး**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၈**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ သကျဓိတာသီလရှင်စာသင်တိုက်နှင့် နဝလောဟာကျောင်းတိုက်များ၌ ငလျင်ပြီးနောက် သာသနိကအဆောက်အအုံများကို အဖွဲ့အစည်းအသီးသီးနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှု အခြေအနေများနှင့် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဘေးဒဏ်သင့် လူနေအဆောက်အအုံများ၊ လမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာများရှိ အပြိုအပျက်များကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးကာ လုပ်ငန်းဆောင်ရွက်နေသူများအား အချိုရည်များပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ ရွှေဟသံာတိုက်သစ် ဩဝါဒါစရိယဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံအား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နိုင်ရန်အတွက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့် အလှူရှင်များက ငွေကျပ်သိန်း ၁၀၀ ကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချအမျှဝေခဲ့သည်။

ထို့နောက် စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့်ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများ၊ စစ်ကိုင်းတောင်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများ ပြန်လည်တည်ဆောက်ရန်အတွက် လျာထားမြေလွတ်နေရာအား စက်ယန္တရားကြီးဖြင့် ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများနှင့် အမှိုက်များစွန့်ပစ်သည့်နေရာသို့ သွားရောက်ကြည့်ရှုပြီး စနစ်တကျစွန့်ပစ်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပို နဝလောဟာကျောင်းတိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ Sky Villa နေရာတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှင်းလင်းရန်ကျန်ရှိနေသည့် “ A ” အဆောင်အား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းရေး လုပ်ငန်းများဆောင်ရွက်နေသည့်အခြေအနေနှင့် ဖယ်ရှားရှင်းလင်းရာမှ တွေ့ရှိသောပစ္စည်းများအား ပစ္စည်းလက်ခံရေးနှင့် ပြန်လည်အပ်နှံရေးအဖွဲ့ထံသို့ စနစ်တကျအပ်နှံမှု၊ ထိန်းသိမ်းထားရှိမှု အခြေအနေများကိုလည်းကောင်း၊ သက်ဆိုင်ရာပိုင်ရှင်များလက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးနိုင်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်နှင့် အောင်နန်းအရှေ့ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှုများ၊ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော တမ္ဗဝတီကျောင်း၊ အလယ်တိုက်ကြီးတို့ရှိအပျက်အစီးများအား တပ်မတော်သားစစ်သည်များနှင့်အတူ စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကိုကြည့်ရှုအားပေးပြီး လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများ ချမ်းအေးသာစံမြို့နယ် အောင်နန်းအရှေ့ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ရေနံချောင်းမြို့၌ ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရေနံချောင်း ဇွန် ၁၈**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဇွန် ၁၇ ရက်တွင် ကျရောက်သည့် "ကမ္ဘာ့သဲကန္တာရ ဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးနေ့" အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းက ရေနံချောင်းမြို့ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ အထူးစိမ်းလန်းစိုပြည်ရေးဇုန်စီမံကိန်းဧရိယာ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က သစ်တောသစ်ပင်များသည် လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူပြီး လူသားများနှင့် သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုသည့် အောက်စီဂျင်ကို ထုတ်လွှင့်ပေးသည့်အတွက် သစ်တောသစ်ပင်များကို နှစ်စဉ်စိုက်ပျိုးထိန်းသိမ်းသင့်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်သိန်းထွန်းဦးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက စိုက်ပျိုးမည့်သစ်ပင်များကို တာဝန်ရှိသူများထံ ပေးအပ်သည်။ ဆက်လက်၍ တက်ရောက်လာသူများနှင့်အတူ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ရေမြေထိန်းသိမ်းရေး အထောက်အကူပြု တမာ ၁၆၈ ပင်၊ မဲဇလီ ၁၆၈ပင်၊ ပဲချယ်ရီ ၁၆၈ပင်၊ ဖျောက်ဆိပ် ၁၇၁ ပင် စုစုပေါင်း ပျိုးပင် ၆၇၅ပင်ကို စုပေါင်းစိုက်ပျိုးပြီး သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

မြို့နယ်(ပြန်/ဆက်)



# မြို့နယ်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပဲခူး ဇွန် ၁၈**

ပဲခူးမြို့နယ်သစ်တောဦးစီးဌာနနှင့် ပန်းပျိုးလက်ဘုန်းတော်ကြီးသင်ပညာရေးပရဟိတကျောင်းတို့ ပူးပေါင်းကျင်းပသည့် မြို့နယ်အဆင့်




မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၇ ရက် နံနက်ပိုင်းက ထုံးကြီးကျောက်တန်းကျေးရွာ ပန်းပျိုးလက်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ ပန်းပျိုးလက်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော်က ကြိုဆိုနှုတ်ခွန်းဆက်စကားမိန့်ကြားပြီး ပဲခူးမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးတင်ထွန်းက မိုးရာသီသစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မှတ်တမ်းဗွီဒီယိုကို ပြသသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ပန်းပျိုးလက်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော်နှင့်အတူ အင်းတကော်-ကျောက်တန်းလမ်းဘေး ဝဲ/ယာတွင် စိမ်းလန်းစိုပြည်ရေးအနေဖြင့် အရိပ်ရအပွင့်ပွင့်ပြီး မျက်စိပသာဒဖြစ်စေသည့် ခရေ၊ ကံ့ကော်၊ ပိတောက်၊ ပျဉ်းမ၊ ငုရွှေဝါ၊ စိန်ပန်းနီ၊ စိန်ပန်းဝါ၊ တည်၊ မန်ကျည်းရှားစသည့် ပျိုးပင်ပေါင်း၁၁၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# Myanmar - Vietnam Construction Business Matching ပြုလုပ်မည်

**ရန်ကုန် ဇွန် ၁၈**

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်နှင့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့တို့က Myanmar – Vietnam Construction Business Matching ကို ဇွန် ၂၃ ရက်တွင် သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၌ ပြုလုပ်မည်ဖြစ်သည်။

မြန်မာ – ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲ အကြိုညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၇ ရက်က အသင်းချုပ်တွင် ပြုလုပ်ရာ ဗီယက်နမ်သံရုံးအရာရှိ Mr. Nguyen Van Bay နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် ပြည်တွင်းပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးသူရိန်အောင်၊ အထွေထွေအတွင်းရေးမှူးချုပ် ဦးကိုကိုလေးနှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံမှ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ အင်ဂျင်နီယာများ၊ ကုန်ပစ္စည်းထုတ်လုပ်တင်သွင်းသူများက ဗီယက်နမ်ကုမ္ပဏီ ၂၂ ခုမှ လုပ်ငန်းအမျိုးအစား၂၀ ကျော်ပါဝင်သည့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

ပါဝင် တက်ရောက်လေ့လာဆွေးနွေးလိုသူများသည် ဖုန်း – ၀၉ ၈၉၃၂၁၇၁၀၉ နှင့် ၀၉၆၆၀၂၈၂၀၀၀ တို့သို့ ကြိုတင်ဆက်သွယ်စာရင်းပေးရမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

# သာပေါင်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**သာပေါင်း ဇွန် ၁၈**

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၇ ရက်က တောင်ကလေးကျေးရွာစု၌ ကျင်းပခဲ့သည်။

**နှစ်စဉ်စိုက်ပျိုးလျက်ရှိ**

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကိုသဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်မျှတရေး၊ သစ်တောသစ်ပင်များ၏တန်ဖိုးကို သိရှိနားလည်နိုင်စေရေး၊ အပူဒဏ်ကာကွယ်နိုင်စေရေးတို့အတွက် နှစ်စဉ်စိုက်ပျိုးလျက်ရှိသည်။



၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဝင်းဇော်နှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုလှိုင်နှင့်အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ အမက (ဆင်ကူး)မှ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူတို့က ပျဉ်းကတိုးပျိုးပင် ၂၅၀၊ မန်ကျည်းရှားပျိုးပင် ၃၀၀၊ မဟော်ဂနီပျိုးပင် ၂၀၀၊ ခရေပျိုးပင် ၅၀ စုစုပေါင်းပျိုးပင် ၈၀၀ တို့ကို တောင်ကလေးကျေးရွာအုပ်စု ဆင်ကူးကျေးရွာတွင် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သိန်းမြင့်မျိုးဦး(ပြန်/ဆက်)**

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ဝေါမြို့နယ်၌ ငွေကျပ် ၃ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၈**

ဝေါမြို့နယ်တွင် ငွေကျပ် ၃ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိစိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၀ ရက် နံနက် ၁ နာရီက ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် ရန်ကုန်မြို့မှ ဘားအံသို့ ယာဉ်မောင်း ရန်နိုင်စိုးမောင်းနှင်ပြီး သီဟစိုး(ခ)မောင်စိုး လိုက်ပါလာသော မှန်လုံယာဉ်ကို သတင်းအရ စစ်ဆေးရှာဖွေရာ အိုက်စ်(မက်သ်အဖက်တမင်း)၁၂၅ ကီလို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း)များကို ရန်ကုန်မှဘားအံသို့ သယ်ဆောင်ခိုင်းသူ စိုးမင်းအားယင်းနေ့ နံနက် ၁၁ နာရီတွင် ဘားအံမြို့နယ် ခနမ်းဒိုကျေးရွာအနီး ဘားအံ-မြဝတီသွားကားလမ်းတွင် GRAND STAREX ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို ရန်ကုန်မြို့မှ တစ်ဆင့် မြဝတီမြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ သုံးဦးအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



# ပဲစင်းငုံသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် ဇွန် ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဈေးကွက်ဝယ်လိုအားကောင်းသော ပဲစင်းငုံသီးနှံကိုလည်း စိုက်ပျိုးထားရှိကြောင်း သိရသည်။

ပဲစင်းငုံသီးနှံကို မေလဆန်းတွင် စတင်စိုက်ပျိုးပြီး ၇-၈ လခန့်အကြာတွင် ရိတ်သိမ်းရကြောင်း၊ ပဲစင်းငုံသီးနှံကို သီးထပ်သီးညှပ်စိုက်ပျိုးမှုနှင့် သီးသန့်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး ပဲစင်းငုံအနီမျိုးများကို ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် မျိုးစေ့ ၄-၅ ပြည်ခန့်အသုံးပြု၍ စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ပဲစင်းငုံ ၁၀ တင်းခန့် ထွက်ရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တောင်သူများက တိုက်ရိုက်တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုအချိန်တွင် ပဲစင်းငုံသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ သီးနှံထွက်ပေါ်ချိန်တွင် အထွက်နှုန်းနှင့် ဈေးနှုန်းများကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

# အထက်မင်းလှမြို့နယ်၌ မိုးနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မင်းလှ ဇွန် ၁၈

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံတစ်မျိုးဖြစ်သော မိုးနှမ်းကို ဧက ၄၀ ခန့်စိုက်ပျိုးထားရှိကြောင်း သိရသည်။

မိုးနှမ်းကို ဧပြီလနောက်ဆုံးပတ်တွင် စတင်စိုက်ပျိုး၍ စိုက်ပျိုးပြီး နှစ်လခွဲခန့်အကြာတွင် ရိတ်သိမ်းရကြောင်း၊ နှမ်းဖြူမျိုးများကို ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် တစ်ဧကလျှင် မျိုးစေ့ ခုနစ်ပြည်ခန့်အသုံးပြု၍ စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ယခင်နှစ်၌ စုစုပေါင်းငွေကျပ် ၃၅၀၀၀၀ ခန့် ကုန်ကျခဲ့ပြီး ယခုနှစ်တွင် သွင်းအားစုဈေးနှုန်းများ မြင့်တက်လာသည့်အတွက် ငွေကျပ် ၄၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ လက်ရှိအချိန်တွင် မိုးနှမ်းစိုက်ခင်းများမှာ အဖူးအပွင့်များ ဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မိုးနှမ်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

# ဆူးပုပ်ပင်စိုက်ပျိုး ဝင်ငွေတိုး



ကျောက်ဆည် ဇွန် ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ နေကြာ၊ ငရုတ် စသည်ဖြင့် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များအနက် စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ဆူးပုပ်ပင်များကိုလည်း မိသားစုအပိုဝင်ငွေ ရရှိရန်အတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြကြောင်း သိရသည်။

ဆူးပုပ်ပင်များကို အစိုဓာတ်ကောင်းမွန်သော မိုးဦးကျကာလများတွင် စိုက်ပျိုးပြီး ခြောက်လခန့်အကြာတွင် ဆူးပုပ်ရွက်များကို စတင်ခူးဆွတ်ရ၍ တစ်နှစ်ခန့်အကြာတွင် လှိုင်လှိုင်ထွက်ပေါ်ကြောင်း၊ ဆူးပုပ်ကြီးနှင့် ဆူးပုပ်လေးဟူ၍ရှိပြီး ဆူးပုပ်ကြီးမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၅ သိန်းခန့်ကုန်ကျပြီး တစ်ဧကလျှင် ၄-၅ ညွန့်ပါ အစည်းပေါင်း ၃၀၀၀-၃၅၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ကျောက်ဆည်နှင့် မန္တလေးမြို့ရှိ ကုန်စိမ်းဆိုင်များသို့ တင်ပို့ရောင်းချကြကြောင်း၊ ဆူးပုပ်ပင်သည် နှစ်ရှည်ပင်ဖြစ်သည့်အတွက် တစ်နှစ်ပတ်လုံး ဝင်ငွေရရှိပြီး အကျိုးအမြတ်များရရှိကြောင်း ဆူးပုပ်ပင်စိုက်တောင်သူတစ်ဦးထံမှ သိရသည်။

# သံပရာသီးစိုက်ပျိုး ဝင်ငွေတိုး



ကျောက်ဆည် ဇွန် ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဈေးကွက်ဝယ်လိုအားကောင်းသော သံပရာသီးကို ဥယျာဉ်ခြံမြေနှင့် ယာမြေများတွင် အပိုဝင်ငွေရရှိရန်အတွက် စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

သံပရာသီးကို အစိုဓာတ်ကောင်းမွန်သော မိုးဦးကျကာလများတွင် စိုက်ပျိုးကြကာ မျိုးအနေဖြင့် ဗမာသံပရာမျိုးနှင့် သံပရိမျိုးများကို စိုက်ပျိုးကြပြီး သံပရိမျိုးများကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း၊ မျိုးစေ့ကို ပျိုးထောင်၍ ပျိုးပင်စိုက်ပျိုးခြင်းနှင့် ကိုင်းကူးပင်များကို ဝယ်ယူစိုက်ပျိုးခြင်းတို့ဖြင့် စိုက်ပျိုးလျက်ရှိရာ သံပရာကိုင်းကူးပင်များကိုသာ အများဆုံးဝယ်ယူစိုက်ပျိုးကြကြောင်း၊ ပင်ကြား တန်းကြား ၁၂ ပေ အကွာအဝေးဖြင့် တစ်ဧကလျှင် အပင်ရေ ၃၀၀ ကျော်ခန့် ဝင်ဆံ့စိုက်ရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ်သိန်း ၂၀ ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး နှစ်နှစ်ကျော်ခန့်အကြာတွင် အသီးများ စတင်ခူးဆွတ်ရောင်းချရ၍ တစ်ဧကလျှင် တစ်နှစ်အတွက် သံပရာသီးအလုံးပေါင်း ၂၀၀၀၀ ခန့်ထွက်ရှိရာ ထွက်ရှိသည့် ရာသီချိန်အပေါ်မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှ စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ကျောက်ဆည်၊ မန္တလေးနှင့် ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ သံပရာသီးနှံသည် နှစ်ရှည်ပင်ဖြစ်သည့်အတွက် တစ်နှစ်ပတ်လုံး ဝင်ငွေရရှိပြီး အကျိုးအမြတ်များရရှိကြောင်း သံပရာစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

## သတင်းရင်းမြစ်- စီးပွား/ကူးသန်း

### ၁၈-၆-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၆၄၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၂၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၃၀၀၀ | - | ၁၇၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၁၂၅၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၃ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၆၈၀၀ | ၁၉၀၀၀ | ၇၀၂၅ | ၁၇၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | ၃၁၀၀၀ | ၃၆၀၀၀ | ၂၁၀၀၀ |
| ၄ | လှိုင်ကော် | ၄၀၀၀ | | ၈၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၆၅၀၀ | ၁၈၀၀ | ၇၅၀၀ | | | ၄၅၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၈၀၀ | ၁၈၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၂၄၀၀၀ |
| ၅ | ဘားအံ | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၂၀၀ | ၁၈၀၀၀ | ၆၈၇၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၇၀၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၁၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၆၁၅ | ၁၄၀၀၀ | ၂၃၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | | ၇၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၅၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | ၄၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၅၄၀၀ | ၂၁၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၇၅၀ | ၂၁၀၀၀ | ၆၉၀၀ | ၈၅၀၀ | ၁၈၀၀ | ၉၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၃၀၀ | ၁၈၀၀၀ | ၇၁၀၀ | ၁၂၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၂၂၀၀ | ၁၀၃၀၀ | ၇၇၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၂၉၀၀၀ | ၂၉၀၀၀ | ၁၃၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၈၀၀၀ | ၇၂၀၀ | ၁၂၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၉၀၀၀ | ၆၆၀၀ | ၁၅၀၀၀ | ၄၈၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၆၀၀၀ | ၃၆၀၀၀ | ၃၆၀၀၀ | ၁၈၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၇၅၀၀ | ၇၃၀၀ | ၁၀၀၀၀ | ၁၃၀၀ | ၁၁၀၀၀ | | ၁၆၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၃၆၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၁၃၀၀၀ |
| ၁၅ | မကွေး | ၃၄၀၀ | | ၆၂၀၀ | ၁၇၀၀၀ | ၆၉၉၀ | ၁၁၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၅၀၀ | ၈၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၁၄၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၆၈၇၅ | ၁၁၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၁၅၀၀ | | ၆၈၀၀ | ၉၀၀၀ | ၃၇၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၈၇၅ | ၁၀၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၅၀၀ | ၉၀၀၀ | ၆၈၀၀ | ၉၀၀၀ | ၃၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၃၀၀ | | ၆၃၀၀ | ၁၉၀၀၀ | ၆၈၁၀ | ၁၅၈၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၁၂၀၀ | ၁၁၃၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၀၀၀၀ | ၆၂၀၀ | ၇၇၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၅၆၀၀ |
| ၁၉ | နေပြည်တော် | ၃၃၀၀ | | ၆၃၀၀ | ၁၉၂၀၀ | ၆၈၁၀ | ၁၆၀၀၀ | ၂၀၀၀ | ၁၀၄၀၀ | ၁၁၅၀၀ | ၁၁၇၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၀၆၀၀ | ၆၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၅၈၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၂၀၀၀၀ | ၁၀၅၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၇၅၀၀ | ၆၅၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၄၈၀၀၀ | ၁၅၀၀၀ |

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၂၀-၆-၂၀၂၅)ရက် (သောကြာနေ့)ညတွင် ငြိမ်းချမ်းရေးဖိုရမ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ငြိမ်းချမ်းရေးနှင့်သက်ဆိုင်သည့် ခေတ်ပေါ်စတီရီယို တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာန အဆိုရှင်များဖြင့် စုပေါင်း၍ **"ငြိမ်းချမ်းရေးလက် မြဲမြဲဆက်"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားပါသည်-

(၂၀-၆-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"ငြိမ်းချမ်းရေးလက် မြဲမြဲဆက်" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့်
ရိုက်ကူးထုတ်လွှင့်မည့်တေးသီချင်း(၁၁)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ချစ်ခြင်းတရားနဲ့ပြည်ထောင်စု | ပြင်ပအဆိုရှင် |
| ၂။ | ငြိမ်းချမ်းရေးလက်မြဲမြဲဆက် | ဌာနအဆိုရှင် |
| ၃။ | သွေးချင်းတို့ဌာနေ မြန်မာပြည် | ပြင်ပအဆိုရှင် |
| ၄။ | ထာဝရငြိမ်းချမ်းရေး | ပြင်ပအဆိုရှင် |
| ၅။ | နေ့သစ် | ပြင်ပအဆိုရှင် |
| ၆။ | ငြိမ်းချမ်းရေးနှင့်သွေးစည်းကြမည် | ပြင်ပအဆိုရှင် |
| ၇။ | ကမ္ဘာတည်သရွေ့ မြန်မာပြည်ရှိနေမှာ | ပြင်ပအဆိုရှင် |
| ၈။ | ငြိမ်းချမ်းရေးပန်းခင်း | ပြင်ပအဆိုရှင် |
| ၉။ | ကမ္ဘာ့ငြိမ်းချမ်းရေး | ပြင်ပအဆိုရှင် |
| ၁၀။ | ငြိမ်းချမ်းရေးအတွက် | ပြင်ပအဆိုရှင် |
| ၁၁။ | ရွှေနိုင်ငံ | Group Song |

## ၂၀၂၅ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၈

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ်(2025 International Olympic Day) ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစား ပြိုင်ပွဲကို ဇွန်၂၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားကာယဗလပြိုင်ပွဲ ကိုယ်အလေးချိန် up to 65 kg၊ ကိုယ်အလေးချိန် up to 75 kg၊ ကိုယ်အလေးချိန် up to a ke and over 80 kg၊ အမျိုးသား ကာယကြံ့ခိုင်ပြိုင်ပွဲ၊ အမျိုးသား Athletic Physique ပြိုင်ပွဲ (Open)၊ Sport Physique (Open)၊ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ အမျိုးသမီး Athlitic Physique ပြိုင်ပွဲ(Open)၊ အမျိုးသမီး Modal Physique (Open)ပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို စိတ်ပါဝင်စားသည့် ပြိုင်ပွဲဝင်များအနေဖြင့် ဇွန်၂၅ ရက် နောက်ဆုံးထား၍ အဖွဲ့ချုပ်အတွင်းရေးမှူး ဦးဝင်းလွင် ဖုန်း ၀၉-၄၄၃၀၉၄၇၉၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**လင်းရာမ**

## မြန်မာနိုင်ငံတွင် ၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု (C) ပွဲစဉ်များ တစ်နေ့လျှင် နှစ်ပွဲနှုန်း ကျင်းပမည်

ရန်ကုန် ဇွန် ၁၈

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု (C) ပွဲစဉ်များကို တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်သည်။

**အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်**

ခြေစစ်ပွဲ အုပ်စု (C) ပွဲစဉ်များကို ဇွန် ၂၉ ရက်၊ ဇူလိုင် ၂၊ ၅ ရက်တို့တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ပြုလုပ်မည်ဖြစ်ပြီး ညနေ ၄ နာရီတွင် ပထမပွဲ၊ ည ၇ နာရီတွင် ဒုတိယပွဲ ကျင်းပမည်ဖြစ်သည်။ အုပ်စု (C) တွင် အိမ်ရှင်မြန်မာအသင်းနှင့်အတူ ဘာရိန်း၊ ဘင်္ဂလားဒေ့ရှ်၊ တာ့ခ်မင်နစ္စတန်အသင်းတို့ ပါဝင်နေပြီး ဇွန် ၂၉ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်း၊ ည ၇ နာရီတွင် ဘာရိန်းအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်း၊ ဇူလိုင် ၂ ရက် ညနေ ၄ နာရီတွင် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် မြန်မာအသင်း၊ ည ၇ နာရီတွင် တာ့ခ်မင်နစ္စတန်အသင်းနှင့် ဘာရိန်းအသင်း၊ ဇူလိုင် ၅ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် ဘာရိန်းအသင်း၊ ည ၇ နာရီတွင် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲအတွက် ပဏာမကစားသမား ၃၀ ကျော်ဖြင့် စခန်းဝင်လေ့ကျင့်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား ယုကီတက်ဆုရိုက ကိုင်တွယ်နေသည်။

**ထွဏ်းသွေးအိမ်**

## ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

## အိတ်ဖွင့်တင်ဒါ( Open Tender )ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနနှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့နယ်ခွဲစည်ပင်သာယာရေးဌာနများ၏ ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း၊ တံတား၊ ရေပေးရေးနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် တင်ဒါတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်နေ့ရက်/အချိန် - (၁၈-၆-၂၀၂၅ )မှ (၂၄-၆-၂၀၂၅)ရက်နေ့ အထိ( ရုံးချိန်အတွင်း )
တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ရက်/အချိန် - (၂၄-၆- ၂၀၂၅)ရက်နေ့ (၁၆:၃၀)နာရီ
တင်ဒါတင်သွင်းရမည့်နေရာ - သက်ဆိုင်ရာစည်ပင်သာယာရေးဌာန
တင်ဒါဖွင့်လှစ်မည့်နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့။
တင်ဒါဖွင့်လှစ်မည့်နေ့ရက် - သီးခြားအကြောင်းကြားပါမည်။

| စဉ် | ဌာန | Lot အရေအတွက် | ဖုန်းနံပါတ် | စဉ် | ဌာန | Lot အရေအတွက် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ၁ | ရှမ်းပြည်နယ်စည်ပင် | (၁)ခု | ၀၉၄၂၈၃၂၉၉၆၅ | ၆ | ခိုလမ်မြို့နယ်စည်ပင် | (၁)ခု | ၀၉၂၆၅၁၁၆၀၇၀ |
| ၂ | တောင်ကြီးမြို့နယ်စည်ပင် | (၂)ခု | ၀၉၄၄၅၁၀၈၆၉၁ | ၇ | မူဆယ်မြို့နယ်စည်ပင် | (၆ခု | ၀၉၂၅၀၄၈၄၈၃၈ |
| ၃ | ကလောမြို့နယ်စည်ပင် | (၃)ခု | ၀၉၄၂၀၇၀၁၉၄၂ | ၈ | ကျိုင်းတုံမြို့နယ်စည်ပင် | (၂)ခု | ၀၉၇၇၉၃၄၀၇၇၉ |
| ၄ | ဆီဆိုင်မြို့နယ်စည်ပင် | (၁)ခု | ၀၉၂၅၄၁၀၁၉၇၆ | ၉ | တာချီလိတ်မြို့နယ်စည်ပင် | (၁)ခု | ၀၉၂၅၉၈၉၄၅၉၃ |
| ၅ | မိုင်းရှူးမြို့နယ်စည်ပင် | (၁)ခု | ၀၉၂၅၄၁၀၄၃၁၂ | ၁၀ | မိုင်းတုံမြို့နယ်စည်ပင် | (၁)ခု | ၀၉၂၆၀၃၂၇၈၈၅ |

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အထက်ဖော်ပြပါ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးဌာန၊ ဖုန်းများသို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်နန်းဖြူလေးခိုင် [၁၃/မဆတ(နိုင်)၀၅၇၆၂၄]၏ ပတ်စ်ပို့နံပါတ် MH-968236 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-259636690**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ်းခမ်းမြို့၊ ကောင်းထက်ရပ်နေ ဦးကျန်မင်း၏သား မောင်စိန်းဖု [၁၃/နခန (ပြု) ၀၀၀၁၇၅]၏ နိုင်ငံကူးလက်မှတ် အမှတ် (MC-449803)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၈၂၃၅၈၁၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၂၆၊ မြေကွက်အမှတ်- ၄၅၉ ဟုခေါ်တွင်သော (၄၀x၆၀)ပေရှိဦးရဲမင်းသိန်း [၇/ဒဥန(နိုင်)၀၈၇၄၅၀] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်ကို အမည်ပေါက်ဖြစ်သူ ဦးရဲမင်းသိန်းမှ လက်ဝယ်ထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး မိမိမှ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မေသကြိန်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၅၄၄)**
**ဖုန်း-၀၉-၄၂၇၄၁၁၁၄၁**

❒ MNL မှ

## အကောင်းဆုံးကြိုးစားသော်လည်း ဆီမီးဖိုင်နယ်နှင့် လွဲချော်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် နန္ဒကျော်၊ ကျော်ဇင်ဖြိုး(ဂိုး)၊ ရဲရင့်အောင်၊ မြတ်ကောင်းခန့်၊ ဟိန်းဖြိုးဝင်းတို့ဖြင့် လူစုံအသုံးပြုခဲ့ပြီး မြဝတီအသင်းကလည်း နိုင်ဇင်ထက်၊ သီဟအောင်၊ သန့်ဇင်အောင်တို့ဖြင့် လူစုံခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ကိုးမိနစ်တွင် မြတ်ကောင်းခန့်က အဖွင့်ဂိုးသွင်းယူကာ ပထမပိုင်းပြီးခါနီးတွင် သက်ဟိန်းစိုးက ဒုတိယဂိုးသွင်းယူကာ ပထမပိုင်းပြီးကတည်းက နှစ်ဂိုးပြတ် အနိုင်ရနေခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဆီမီးဖိုင်နယ်တွင် ရခိုင်ယူနိုက်တက်-ရှောဝတီယူနိုက်တက်ပွဲမှ အနိုင်ရသည့်အသင်းနှင့် ကစားရမည်ဖြစ်သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းနှင့် Dagon Port အသင်းတို့ ပုံမှန်ပွဲကစားချိန် မိနစ် ၉၀၊ အချိန်ပိုမိနစ် ၃၀ တို့တွင် ဂိုးမရှိသရေကျနေသဖြင့် ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ ရတနာပုံအသင်းက ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပင်နယ်တီဆုံးဖြတ်ရာတွင် ရတနာပုံအသင်းမှ ပြည်မိုး၊ လူမင်းချစ်၊ စိုးထက်ဝင်း၊ ဆင်မြူရယ်ငိုင်ကီး၊ နေဦးလွင်၊ မျိုးဇော်ဦးနှင့် ဟိန်းဇော်နိုင်တို့ ခုနစ်ဦးစလုံး ဂိုးဝင်ပြီး Dagon Port အသင်းမှ နောင်နောင်စိုး၊ မစ်ချယ်၊ ကျော်မျိုးနိုင်၊ ရဲဝင်းလှိုင်၊ လမင်းထွေး၊ ပြည့်စုံလင်းတို့ ဂိုးဝင်ပြီး စည်သူနိုင်၏ ကန်ချက်ကို ရတနာပုံဂိုးသမား ရန်လင်းထွန်း ကာကွယ်နိုင်သဖြင့် ရတနာပုံအသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ဆီမီးဖိုင်နယ်တွင် ရန်ကုန်ယူနိုက်တက်-ဟံသာဝတီယူနိုက်တက်ပွဲမှ အနိုင်ရသည့်အသင်းနှင့် ကစားရမည်ဖြစ်သည်။

ကွာတားဖိုင်နယ် ဒုတိယနေ့ကို ဇွန် ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရှောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - MNL**

တရားမပုံစံအမှတ် ၁၃၄

## ကြော်ငြာစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
### လှည်းကူးခရိုင်တရားရုံး
### ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေအမှုအမှတ် – ၁၄
### ကွယ်လွန်သူ ဦးကျော်ရင် ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

**ဦးသန်းအောင်** **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ဝါးနက်ကုန်းကျေးရွာအုပ်စု၊ ဝါးနက်ကုန်းစံပြကျေးရွာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကျော်ရင်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် ဦးသန်းအောင် က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဇွန်လ(၂၇)ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကျော်ရင် ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့သည် အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ ဇွန်လ (၂၇) ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်) နေ့၌ နံနက်(၁၀:၀၀)နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဦးသန်းအောင် ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်နေလင်း)**
**ခရိုင်တရားသူကြီး**
**လှည်းကူးခရိုင်တရားရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၅-၂၀၂၅ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၄) ကန့်ကွက်နိုင်ကြောင်းကြော်ငြာစမ်းချောင်းမြို့နယ်၊ဦးမြင့်သောင်း+၁၀၏ ပိုင်ဆိုင်မြေပုံကူးတွင်စမ်းချောင်းမြို့နယ်၊သီရိခေမာရပ်ကွက်၊သီရိလမ်း၊ အမှတ်(၄၇)ဟုအမှန်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်နိုင်ထွန်း [၁၄/ကခန (နိုင်) ၀၉၄၅၇၃]၏ သင်္ဘောသား မှတ်ပုံတင်နှင့် လုပ်သက်စာအုပ်အမှတ် (ရန်-8371/14) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဦးအောင်နိုင်ထွန်း**
**ဖုန်း- 09-428622428**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်းအကြောင်းကြားစာ
### (အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ ၁၁)
### ဗိုလ်တထောင်ခရိုင်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၃

ဒေါ်စောရတနာဇော်မင်း နှင့် ၁။ ဦးအောင်ကျော်စွာ
၂။ ဦးသိန်းသန်း
၃။ ဒေါ်မြတ်သီဟ

**(လျှောက်ထားသူ)** **(လျှောက်ထားခံရသူများ)**

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ (၄)ရပ်ကွက်၊ မောရဝတီလမ်း၊ အမှတ်(၄၉၀)နှင့် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ပင်းကျေးရွာအုပ်စု၊ သဖန်းကန်ကျေးရွာ၊ အမှတ်- မရှိနေ လျှောက်ထားခံရသူအမှတ်(၂)ဦးသိန်းသန်းနှင့် လျှောက်ထားခံရသူအမှတ်(၃) ဒေါ်မြတ်သီဟ (ယခုနေရပ်လိပ်စာမသိသူများ ) သိစေရမည်။

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ (၄)ရပ်ကွက်၊ မောရဝတီလမ်း၊ အမှတ်(၄၉၀)နေနှင့် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ပင်းကျေးရွာအုပ်စု၊ သဖန်းကန်ကျေးရွာ၊ အမှတ်-မရှိနေ အရွယ်မရောက်သေးသူ မောင်အောင်ကောင်းခန့်မင်း (ယခုနေရပ်လိပ်စာမသိသူ)နှင့် ၎င်းပိုင်ပစ္စည်းကို ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ (C-3)လမ်း၊ တိုက်အမှတ် (၃၇)၊ အခန်းအမှတ်- ၂၀၁ နေ ဒေါ်စောရတနာဇော်မင်းက အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မောင်အောင်ကောင်းခန့်မင်း၏ မိခင်အရင်းဖြစ်သည်ဟူ၍ ၎င်းသူ၏ ကိုယ်ကိုလည်းကောင်း၊ ပစ္စည်းကိုလည်းကောင်း အုပ်ထိန်းသူအဖြစ် ခန့်အပ်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့ လျှောက်ထားခြင်းကို လူအများသိရှိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုသို့ လျှောက်ထားချက်ကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်)နေ့တွင် ဆိုင်ဆိုရန်ချိန်းဆိုသည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်ဝင်းမြင့် )**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရောဝတီတိုင်းဒေသကြီးကုသရေးဦးစီးဌာန
## ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့
## (၂၀၂၅-၂၀၂၆)ခု၊ ဘဏ္ဍာနှစ်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၅ – ၂၀၂၆)ခု၊ ဘဏ္ဍာနှစ်အတွက် ရောဝတီတိုင်းဒေသကြီးကုသရေး ဦးစီးဌာန၊ ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့တွင် တက်ရောက်ကုသ လျက်ရှိသော လူနာများသုံးစွဲရန် လိုအပ်သော F. D. A အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများ၊ ခွဲ/ခွဲမှန်သုံး ဆေးပစ္စည်းများ၊ Consumable များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ – (၁၉-၆-၂၀၂၅)ရက် (ကြာသပတေးနေ့)
စတင်ရောင်းချမည့်ရက်နှင့်အချိန် – နံနက်(၉:၃၀)နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် – (၂-၇-၂၀၂၅)ရက် (ဗုဒ္ဓဟူးနေ့) ညနေ (၄:၃၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း နိုင်ပါသည်–

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့**
**ရောဝတီတိုင်းဒေသကြီး**
**ဖုန်း–၀၄၂၇၀၄၉၂၊ ၀၄၂၇၁၂၉၁**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းခန့်ညို [၉/ခအစ(နိုင်)၀၂၈၁၅၅]နှင့် ဒေါ်သီသီဆွေ [၅/ရဥန(နိုင်)၀၉၄၇၅၈]တို့သည် (၁၂-၂-၂၀၁၃)ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြပါသည်။ ထိုသို့ပေါင်းသင်းနေထိုင်လာရင်း ယခုအခါ စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် (၇-၅-၂၀၂၅)ရက်နေ့တွင် နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆို ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေသဇင်ဆွေ LL.B, DBL, DIPL**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၄၉)**
**အမှတ်(၉၆)၊ လေးထောင့်ကန်လမ်းမကြီး၊ ဆ/ကရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်။ ဖုန်း–၀၉–၈၁၁၈၈၃၈၂၊ ၀၉–၇၇၄၄၃၃၉၅၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၆၄/ခ)နေ ဦးကျော်ရဲလင်း နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၇/နတလ(နိုင်)၁၂၇၃၉၉]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ရဲလင်း၏ ကိုယ်ရေးအချက်အလက်များကိုအသုံးပြုကာ ကုမ္ပဏီတစ်ခုတွင် လက်ရေးလက်မှတ်တုများနှင့် လူစားထိုးကာ ကုန်ပစ္စည်းများကြိုတင်ထုတ်ယူသွားပြီး၊ ငွေကြေး လိမ်လည်မှုများဖြစ်ပွားခဲ့သည့်အတွက် အဆိုပါ လိမ်လည်သူများအား ဥပဒေနှင့်အညီအရေးယူရန်အတွက် ပြင်ဆင်လျက်ရှိပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးကျော်ရဲလင်း အနေဖြင့် ၎င်းကိုယ်တိုင်မဟုတ်ဘဲ ငွေကြေးကိစ္စများ စီမံဆောင်ရွက်ရန် မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲအပ်ထားခြင်းမရှိပါ။ ကျွန်ုပ်မိတ်ဆွေဦးကျော်ရဲလင်း မသိရှိဘဲ ၎င်း၏ ကိုယ်ရေးအချက်အလက်များကို အသုံးပြု၍ ငွေကြေးအရှုပ်အရှင်းများ လိမ်လည်ပြုလုပ်သူများအား သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ရဲလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေသဇင်ဆွေ LL.B, DBL, DIPL**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၄၉)**
**အမှတ်(၉၆)၊ လေးထောင့်ကန်လမ်းမကြီး၊ ဆ/ကရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်။ ဖုန်း–၀၉–၈၁၁၈၈၃၈၂၊ ၀၉–၇၇၄၄၃၃၉၅၄**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၆)၊ မြေကွက်အမှတ်–၁၈၅(က)၊ မြေဧရိယာ အကျယ်အဝန်း (အလျား ၅၀ပေxအနံ ၁၀၀ပေ)ရှိ ဦးသက်လွင်အမည်ပေါက် မြေချပါမစ် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဇော်ဝင်းထွန်း[၁၂/မရက(နိုင်) ၁၀၄၆၃၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေသဇင်ဆွေ LL.B, DBL, DIPL**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၄၉)**
**အမှတ်(၉၆)၊ လေးထောင့်ကန်လမ်းမကြီး၊**
**ဆ/ကရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်။**
**ဖုန်း–၀၉–၈၁၁၈၈၃၈၂၊ ၀၉–၇၇၄၄၃၃၉၅၄**

## ရန်ကုန်မြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၁)ဗိုလ်မှိုး(၂)လမ်း၊မြေကွက်အမှတ်(၈၄၃/က)၊ဧရိယာ(၀.၀၂၇၅)ဧကရှိဦးစိုးမြင့်(၈)ဦးစိုးအောင်(၁၂/ဗဟန(နိုင်)၀၄၇၂၂၅)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်နေအိမ်အရောင်းအဝယ်အားကန့်ကွက်နိုင်ပါကြောင်း။

အထက်ဖော်ပြပါမြေနှင့်အိမ်အား နှစ်(၆၀)မြေငှားဂရန်တွင် ဦးစိုးမြင့်(၈) ဦးစိုးအောင်(၁၂/ဗဟန (နိုင်) ၀၄၇၂၂၅) အမည်ဖြင့်တရားဝင်မှတ်သားတည်ရှိပြီး မြေအမည်ပေါက်ကိုယ်တိုင်က အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ရှိထားပိုင်ဆိုင်လျက်ရှိကြောင်းနှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ– **ဒေါ် နွယ်နီအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၃၉)**
အမှတ်(၃/၃၀၄)၊ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၂၂၁၀၈၀၇

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေး ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၅၂၉/ဘီ (လေးထောင့်ကန်စီမံချက်)၊ မြေကွက်အမှတ်(၁၁၃)၊ မြေအကျယ်အဝန်း(အလျား ၇၅ပေ/၇၄ပေ x အနံ ၁၀၆ပေ/၉၃ပေ)၊ မြေဧရိယာ(၀.၁၆၈)ဧက၊ (၇၃၃၁.၂၅) စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ **ဦးတင်လှ**ထံမှ **"အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်"** ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်နီလာခိုင် [၁၂/ဥကမ(နိုင်)၀၀၀၃၄၇]**ကိုင်ဆောင်သူက မိမိသာလျှင် တရားဝင် လက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အားဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စိမ့်ဇာဦး(မြောင်းမြ)(LL.B)(D.B.L)(D.M.L)(D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၉၀၈၁)**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၅၄၀၁၁၀၄၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ ကာဘိုးလမ်း၊ မြေကွက်အမှတ်(၂၈၆)၊ အကျယ်အဝန်း(၄၁x၆၀)ပေရှိမြေကွက်အနက်မှတရားဝင်မခွဲစိတ်ရသေးသော(ခြေရင်းခြမ်း)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ နှစ် (၆၀)ဂရန်မူရင်းပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိရေ၊ မီးစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိထားပိုင်ဆိုင်စီမံလျက်ပြန်လည် ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသည့် ဂရန်အမည်ပေါက်ဦးစံမောင် (CF–၁၄၅၇၁၂)၏ အမွေဆက်ခံသူသား၊ သမီးများဖြစ်သော ဦးအောင်မျိုးမင်း[၁၂/ဥကမ(နိုင်)၀၁၆၁၅၁]၊ ဦးနေလင်း[၁၂/ဥကမ(နိုင်)၀၁၀၈၇၅]၊ ဒေါ်မြတ်စန္ဒာ [၁၂/ဥကမ(နိုင်)၀၁၆၁၂၀]နှင့် ဒေါ်သန်းသန်းဝင်း[၁၂/ဥကမ(နိုင်)၀၀၉၉၃၅]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရှုလွှမ်[၆/ကစန(နိုင်)၀၄၉၅၃၄]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အားဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သစ်သစ်အောင်(LL.B)** — **ဒေါ်ချောစု[LL.B,DCBL(UK);DIPL]**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၇၀၅)** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၁၃၇)**
**အမှတ်(၁၂၂)၊ ဇော်ဂျီလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၄၄၄၈၂၈၈၁၃၊ ၀၉–၂၆၉၅၉၃၅၆**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အကွက်အမှတ်(၆၃)၊ ဘိုကုန်း၊ ဦးပိုင်အမှတ်(၁၀၀/ခ)၊ ဧရိယာ(၀.၀၃၃)ဧကရှိ ဘိုးဘွားပိုင်မြေကွက်သည် မြေစာရင်းဦးပိုင်(၁–က)မှတ်ပုံစာရင်းအရ Nဆွာမိဒပ် အမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ပြီး Nဆွာမိဒပ်သည် လူပျိုကြီးဘဝဖြင့်ကွယ်လွန်ခဲ့ပြီး ၎င်းတွင် (၁)ဦးအန်ဂေဘယ်ရဲလ် (၂)ဦးအန်အေနာသန် (၃)ဦးအန်ဘီရာဂျူးတို့မောင်နှမ (၃)ဦးကျန်ရှိခဲ့ရာ မောင်နှမ (၃)ဦးနှင့် ၎င်းတို့၏ဇနီးများမှာလည်း အသီးသီးကွယ်လွန်သွားကြသဖြင့် ၎င်းတို့ထံတွင် ဒေါက်တာ တင်ရွှေ ဦးဒေါ်ဆင်၊ ဒေါ်အိုင်ရင်း၊ ဒေါ်လချမီး၊ ဦးမန်းနီးကွန်း၊ မခင်ကြည်၊ မောင်အေးသန့် တို့(၇)ဦး ကျန်ရှိခဲ့ပါသည်။ ၎င်း(၇)ဦးထံမှ ဒေါ်အေးအေးဝင်းသည် မော်လမြိုင်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မြေသက်သက် အရောင်းအဝယ် စာချုပ်အမှတ်–၃၀၅/၁၉၉၂အရ ဝယ်ယူခဲ့ပါသည်။ ဒေါ်အေးအေးဝင်း ထံမှ ဒေါ်နီနီထွန်းသည် မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အိမ်နှင့် မြေအရောင်းအဝယ် စာချုပ်အမှတ်–၇၀/၂၀၂၅အရဝယ်ယူခဲ့ပြီး ဒေါ်နီနီထွန်းမှ ၎င်း၏ အမည်သို့ အမည်ပြောင်းလဲပေးပါရန် ဤရုံးသို့ တင်ပြလျှောက်ထားလာပါသဖြင့် ၎င်း၏ လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ သတင်းစာတွင် ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀) ရက်အတွင်း မော်လမြိုင်မြို့၊ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာ မရရှိပါက ဒေါ်နီနီထွန်းမှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန်လျှောက် ထားလာခြင်း အပေါ်လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

## ဥတုရာသီ တောကိုမှီ၍




## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ ညောင်ရမ်းလမ်းမကြီး၊ မြေကွက်အမှတ်(၆၇၂)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ အရာခံဗိုလ်မြကျော် (ISN–၄၀၂၂၇၅)အမည်ပေါက် မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးရဲထွန်း[၁၂/လမန(နိုင်)၀၀၄၇၈၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** — **ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)**
**(LL.B, D.I.L)** — **(LL.B, D.B.L, D.I.L, WIPO Switzerland)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၁၂၄၁**

## ပျောက်ဆုံးကြောင်း

မောင်ခန့်ဘုန်းနေ (ဘ) ဦးနေမျိုးဇော်၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၈၉၃၅၆၇၇**

## အမည်ပြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပညာမော်ကွန်း ကိုယ်ပိုင်အထက်တန်းကျောင်း Grade–10 တွင် ပညာသင်ကြားနေသော ဦးသန့်ဇင်ဝင်း၏သား မောင်ဟိန်းမင်းအား မောင်ဟိန်းထက်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၃/ ဂုဏ်တန်မြောက်၊ ဦးပိုင်အမှတ်(၃၇)၊ ဧရိယာ (၀.၀၅၆)ဧကရှိ ဦးသောင်း(ဇနီး) ဒေါ်ခင်သိုက် အမည်ပေါက် ဘိုးဘပိုင် မြေကွက် အား ဒေါ်သီတာမိုး [၉/ပမန(နိုင်)၀၃၃၉၁၁] (ပါ)၃ဦး (ဒေါ်သီတာမိုး၊ ဒေါ်သူဇာမိုး၊ ဒေါ်စန္ဒာမိုး)တို့မှ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းမှတ်ပုံတင်စာချုပ် အမှတ် (၄၀/၂၀၀၉)၊ သေဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်း မူရင်းများ တင်ပြပြီး ဘိုးဘပိုင် မြေကွက်အမည် ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ **ဘိုးဘပိုင်မြေကွက် အမည်ပြောင်း** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ကြီးပွားရေး/တောင်၊ မြေကွက်အမှတ်(၄၃၉/က)၊ မြေကွက်တည်နေရာအမှတ်(၄၃၉/က)၊ အောင်သစ္စာလမ်း၊ ကြီးပွားရေးတောင်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဒေါ်တင်ထွေးနွယ်[၁၂/တမန(နိုင်)၀၆၉၇၄၃]အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တင်ထွေးနွယ်ကို တရားပြိုင်ထားကာ ဒေါ်ခိုင်သဇင်ကျော်မှ တရားလိုပြုလုပ်၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် သဃ်္ဃန်းကျွန်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်–၂၀/၂၀၂၄(၆-၉-၂၀၂၄)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်–၂၃/၂၀၂၄ (၃-၁-၂၀၂၅) ၏ ထုံးပုံကျအပြီးသတ်အမိန့်၊ တရားရုံး၏ဘီလစ်ခန့်စာ၊ ဂရန်မူရင်းတို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဦးထွန်းထွန်းအောင် [၉/မလန(နိုင်)၀၉၅၇၆၈]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ ဆဒ္ဒါန်လမ်း၊ အမှတ်(၁၉၈)ဟုခေါ်တွင်သော အကျယ်အဝန်း(၁၈ပေx၅၀ပေ)ရှိ ဦးအုန်းမြိုင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေ နှင့်နေအိမ်အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းရီ[၉/မထလ(နိုင်)၀၄၄၈၈၇]ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်နေအိမ် အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးဆယ်[၅/ယမပ(နိုင်)၀၂၃၆၈၀]၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်ဇော်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၇၈၂)**
**အမှတ်(၁၅)၊ ခိုင်ရွှေဝါလမ်း၊ မြဥယျာဉ်စိုက်ပျိုးရေးခြံ၊ (၄)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၈၄၆၅၈၇၁၊ ၀၉–၉၅၃၀၁၀၇၇၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ်(ခ/၅၂)၊ မြို့ကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွင်းအပိုင်ရှိ(ပေ၄၀xပေ၆၀) (ဦးစန်းအေး C/RGN–006551) အမည်ပေါက်ဂရန်မြေ BN (၂)ထပ်အဆောက်အဦပါ မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးမာမက်အလီ [၁၀/မလမ(နိုင်)၁၅၉၂၄၉] အမှတ်(ခ/၅၂)၊ သခင်ဖိုးလှကြီးလမ်း၊ သန်လျင်မြို့နယ်နေထိုင်သူထံမှ ကျွန်တော် ဦးမိုဟာမက် [၁၂/ပဘတ(နိုင်)၀၂၅၀၂၂]ကိုင်ဆောင်သူမှ ဝယ်ယူရန်နှစ်ဖက်သဘောတူညီကြသောရောင်းဖိုးငွေအနက် စရန်ငွေ တစ်စိတ်တစ်ဒေသကို (၁၇-၆-၂၀၂၅)ရက်နေ့က ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်တော့်ထံသို့ (၁၅)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဦးမိုဟာမက်**
**ဖုန်း–၀၉–၅၁၃၆၇၈၆၊ ၀၉–၇၈၅၁၃၆၇၈၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီး
## ဗိုလ်တထောင်ခရိုင် တင်ဒါကော်မတီ
**၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် (၁)ရက်**
**၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်**
